လူ့အခွင့်အရေးကောင်စီ
နိုင်ငံတိုင်း အလှည့်ကျအစီရင်ခံရမည့် လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်အဖွဲ့
၂၃ ကြိမ်မြောက် အစည်းအဝေး
၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂-၁၃

# လူ့အခွင့်ရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၆/၂၁ ၏ နောက်ဆက်တွဲ အပိုဒ် ၅ အရ တင်သွင်းသော နိုင်ငံတော် အစီရင်ခံစာ*
# မြန်မာနိုင်ငံ

*ယခုအစီရင်ခံစာမှာ ရရှိထားသည့်အတိုင်း ဖြန့်ဝေခြင်းဖြစ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးရုံး ဘက်မှ မည်သည့်အမြင်ကိုမှ ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

## ၁။ မိတ်ဆက်

၁။ UPR ၏ ပထမသတ်မှတ်ကာလ (First Cycle) အတွင်း မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းအကြောင်းကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ UPR ၏ အလုပ်ဖွဲ့ အစည်းအဝေးတွင် သုံးသပ်ခဲ့ကြသည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခံရသော အစိုးရမှာ ၂၀၁၁ ခုနှစ် မတ်လတွင် နိုင်ငံတော်တာဝန်ကိုရယူခဲ့ပြီး အပေါင်းလက္ခဏာဆောင်သည့် နိုင်ငံရေးဖွံ့ဖြိုး တိုးတက်မှုများ ဆက်တိုက် ဖြစ်ပေါ်လာခဲ့သည်။ အစိုးရက ဆောင်ရွက်သော ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းစဉ်က နိုင်ငံအတွင်း လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးမှုကို ပိုမို၍ ကြီးကြီးမားမား အကူအညီဖြစ်စေခဲ့သည်။ UPR ၏ ပထမသတ်မှတ်ကာလတွင် မြန်မာနိုင်ငံမှာ အကြံပြုချက် ၁၉၀ ကျော်ကို ရရှိခဲ့ပြီး၊ လက်ခံသော အကြံပြုချက်များကိုသာမက နိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ အခြား အကြံပြုချက်များကိုပါ အကောင်အထည်ဖော်ခဲ့သည်။ ယခု အစီရင်ခံစာ က မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး အခြေအနေတို့ကို ထင်ဟပ်စေပါသည်။

## ၂။ နည်းစနစ်ပိုင်းနှင့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်

၃။ ယခုအစီရင်ခံစာကို ၂၀၁၁ ခုနှစ် ဧပြီလ ၁၂ရက်က အတည်ပြုခဲ့သော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် A/HRC/RES/16/21 အရ ပြင်ဆင်ထားသည်။

၄။ အစီရင်ခံစာရေးသားရေး ဦးဆောင်ကော်မတီကို ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌဖြစ်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထောင်စုတရားသူကြီးချုပ်တို့က ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း အသီးသီးတာဝန်ယူကာ ဌာနအသီးသီးမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်၍ ဖွဲ့စည်းခဲ့သည်။ ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သည့် အစီရင်ခံစာရေးသားရေး လုပ်ငန်းကော်မတီကိုလည်း ဌာနအသီးသီးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့သည်။ လုပ်ငန်း ကော်မတီ လွယ်ကူချောမောစွာ ဆောင်ရွက်နိုင်ရန် အစီရင်ခံစာ ရေးဆွဲရေးကော်မတီ၊ အသင်းအဖွဲ့များနှင့် ဆက်ဆံရေးဆိုင်ရာ ကော်မတီတို့ကိုလည်း ဖွဲ့စည်းခဲ့သည်။

၅။ အစီရင်ခံစာရေးသားသည့်လုပ်ငန်းစဉ်အတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်(MNHRC) မှ လွတ်လပ်စွာ ပေးအပ်သော အကြံပြုချက်များကိုလည်း ထည့်သွင်း

ခဲ့သည်။ ကုလသမဂ္ဂအေဂျင်စီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏အမြင်များ၊ အကြံပြုချက်များကို ရယူခဲ့သည်။

၆။ UPR နှင့် အကြံပြုချက်များအကြောင်း နားလည်သဘောပေါက်မှု တိုးမြှင့်ရေးနှင့် ဆက်စပ်သည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်ပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဖွန်လက ကျင်းပခဲ့သော အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် ဘန်ကောက်ရှိ ကုလသမဂ္ဂလူ့အခွင့်ရေးကောင်စီ ဌာနေရုံးခန်းတို့ ပူးပေါင်းကာ ဆောင်ရွက်ခဲ့သည်။ UPR နှင့်ပတ်သက်သည့် သင်တန်းပေးရေး အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကိုလည်း MNHRC နှင့် Raoul Wallenberg Institute of Human Rights and Humanitarian Law (Sweden) တို့ ပူးပေါင်းစီစဉ်ကာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည်။ UPR လုပ်ငန်းစဉ် အတွေ့အကြုံဖလှယ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ဩစတေးလျနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်အတူ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများတွင် သက်ဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ပါဝင်ခဲ့ကြသည်။ ထိုဆောင်ရွက်မှုက မြန်မာနိုင်ငံ၏ ဒုတိယသတ်မှတ်ကာလ (Second Cycle) UPR လုပ်ငန်းစဉ်တွင် ထိထိရောက်ရောက် အကူအညီ ဖြစ်စေခဲ့သည်။

## ၃။ UPR ပထမသတ်မှတ်ကာလအပြီး ဖွံ့ဖြိုးတိုးတက်မှုများ

### (က) ဒီမိုကရေစီအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်

၇။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို ခွဲဝေသတ်မှတ်ထားပြီး ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအကြား ဒီမိုကရေစီစည်းကမ်းနည်းလမ်းများ၊ အပြန်အလှန် ထိန်းကျောင်းမှု (check and balance) တို့နှင့် လျော်ညီစွာ မျှဝေပေးထားသည်။ သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ တက်လာပြီးကတည်းက မြန်မာနိုင်ငံမှာ ဒီမိုကရေစီ နိုင်ငံတော်ကို ရှေ့ရှုသည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာ အသိုင်းအဝိုင်း ကလည်း အသိအမှတ်ပြုကာ ထောက်ခံအားပေးခဲ့ပြီး အချို့နိုင်ငံများက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများကို ဖယ်ရှားပေးခြင်း သို့မဟုတ် လျော့ချပေးခြင်းတို့ကို ဆောင်ရွက် ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၈ တွင် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများ နှင့်အညီ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို အာမခံပေးထားသည်။ ပုဒ်မ ၃၇၇ ကလည်း ၂၀၁၄ ခုနှစ် စာချွန်တော်အမိန့်များထုတ်ဆင့်မှုနှင့် သက်ဆိုင်သည့် ဥပဒေနှင့်အညီ နိုင်ငံသားများ

မှာ ပြည်ထောင်စု တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားခွင့်ကို ခွင့်ပြုထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၅ နှင့် ၃၇၈၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၆၊ စာချွန်တော်အမိန့်များထုတ်ဆင့်မှုနှင့် သက်ဆိုင်သည့် ဥပဒေ ပုဒ်မ ၃ တို့အရ ပြည်ထောင်စု တရားရုံးချုပ်မှာ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေး စာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာ စာချွန်တော်အမိန့်၊ အမှုခေါ်စာ စာချွန်တော်အမိန့်များကို ထုတ်ပြန်နိုင်သည့် အခွင့်အာဏာ ရှိသည်။

## (ခ) ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် - နိုင်ငံရေး၊ လူမှု-စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ

### ၁။ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု

၈။ ပြုပြင်ပြောင်းလဲမှု ပထမလှိုင်းအဖြစ် နိုင်ငံတော်တာဝန်အား ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော အစိုးရကို အပ်နှင်းခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံရပ်ခြားတွင် နေထိုင်သော မြန်မာနိုင်ငံသားများ၊ မြန်မာနိုင်ငံသားဖြစ်ခဲ့သူများကို တိုင်းပြည်သို့ပြန်လာရန် ဖိတ်ခေါ်ခဲ့ပြီး ယခုအချိန်တွင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်၌ ပူးပေါင်း ပါဝင်နေပြီဖြစ်သည်။ ထို့ပြင် အခြေအနေအမျိုးမျိုးနှင့်ပတ်သက်၍ လွတ်ငြိမ်းချမ်းသာခွင့်များကိုလည်း ပေးအပ်ခဲ့ပြီး အကျဉ်းသားများအား နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် အခြားသူများနှင့် ဆက်သွယ်ပါဝင်နိုင်စေခဲ့သည်။ လစ်လပ်နေသောမဲဆန္ဒနယ်များကို ဖြည့်ပေးရန်အတွက် ကြားဖြတ်ရွေးကောက်ပွဲကိုလည်း ၂၀၁၂ ခုနှစ် ဧပြီလတွင် ကျင်းပပေးခဲ့သည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိသူများမှာ လွှတ်တော်တော်အမတ်များ ဖြစ်လာခဲ့ကြသည်။

၉။ ဒုတိယလှိုင်းအဖြစ်၊ နိုင်ငံရေး၊ လူမှု-စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ပြီးဖြစ်သည်။ တတိယလှိုင်းမှာ အထက်တွင် ဖော်ပြခဲ့သည့် ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများကို အရှိန်မြှင့်တင်ရန်ဖြစ်ပြီး၊ ဝန်ကြီးဌာန အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ပြည်သူလူထု၏ လူမှု-စီးပွား လိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးရန်ဖြစ်သည်။

၁၀။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အရှိန်မြှင့်ရန်အတွက် သမ္မတဦးဆောင်သည့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့သည်။ ဒုတိယသမ္မတများ၊ သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးများလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြသည်။

၁၁။ အစိုးရသက်တမ်းအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်ရပ်ရေး သဘောတူညီချက်များလည်း ရရှိခဲ့သည်။ မြန်မာနိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းနေသည့်

နိုင်ငံတစ်ခုတွင် အချိန်တိုတိုအတွင်း ထိုကဲ့သို့သော သဘောတူညီချက်များ ရရှိခြင်းမှာ မကြုံစဖူး ထူးခြားချက်ဖြစ်သည်။

## ၂။ လူမှု-စီးပွားရေး ပြုပြင်ပြောင်းလဲမှု

၁၂။ ပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းမှာ လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမွဲတေမှုကို ထက်ဝက်လျှော့ချရေးအတွက် အဓိကထား ဆောင်ရွက်ခြင်းဖြစ်သည်။

၁၃။ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့် စီးပွားရေးဆိုင်ရာဥပဒေများကို ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ဥပဒေအသစ်များကိုလည်း ပြဋ္ဌာန်းပေးခဲ့သည်။ တိုက်ရိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန်အတွက် ၁၉၈၈ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြင့် အစားထိုးခဲ့သည်။ ထိုနည်းတူစွာ ရင်းနှီးမြှုပ်နှံသူများနှင့် သဟဇာတဖြစ်စေမည့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၄ ခုနှစ် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ နေရာတွင် အစားထိုးခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အထူးစီးပွားရေးဇုန်ဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့သည်။

၁၄။ လက်ရှိ ၅ နှစ်စီမံကိန်း၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ထွက်ရေး၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (MDGs) နှင့် အခြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အမှန် တကယ် ဖြစ်ပေါ်လာရေး၊ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံများတွင် ပါဝင်နေသော အခြေအနေမှ ရုန်းထွက်ရေး၊ ပညာအခြေခံသောစီးပွားရေးကို ဖော်ဆောင်ရေး၊ စီးပွားရေးနှင့် လူမှုပြုပြင်ပြောင်းလဲရေး မူဘောင်နှင့်အတူ ၂၀၂၀ ခုနှစ်တွင် အခြား ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် တန်းတူဖြစ်ရေး စသည်တို့ အတွက် ဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

၁၅။ အစိုးရမှာ နှစ်စဉ်စီးပွားရေးတိုးတက်မှု ၇.၇% နှုန်းရရှိရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ဝန်ဆောင်မှုကဏ္ဍတွင် သင့်လျော်သည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့အတွက်လည်း ပစ်မှတ်ထား ဆောင်ရွက်နေသည်။

## ၃။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၇ (က)နှင့် ပုဒ်မ ၁၉၉ တို့အရ ပြည်ထောင်စု အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့အကြား မျှဝေပေးထားသည်။ အဆိုပါ အုပ်ချုပ်ရေးအာဏာကို သမ္မတ၊ ဒုသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု

အစိုးရ၊ ဝန်ကြီးချုပ်ဦးဆောင်သည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က ကိုင်တွယ်ကျင့်သုံးသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဥက္ကဋ္ဌဦးဆောင်သည့် ဦးစီးကော်မတီက ကျင့်သုံးသည်။

၁၇။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ပြဌာန်းခဲ့သော နေပြည်တော်သဘောတူညီချက်အရ အဓိကဦးစားပေးဆောင်ရွက်ခဲ့သည်။

၁၈။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် အရှိန်မြှင့်တင်ရန် သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ဦး ဦးဆောင်ပြီး အဖွဲ့ဝင် ၂၇ ဦးပါဝင်သော အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် လုပ်ငန်းအဖွဲ့နှင့် ရုံးအဖွဲ့တို့ကို ၂၀၁၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။

၁၉။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းဆောင်ရွက်ရေးကော်မတီမှာ ကောင်းမွန်သော အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်စေရန်နှင့် ပြည်သူလူထု၏ လူမှုရေးနှင့် စီးပွားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ပြည်သူ့ဝန်ဆောင်မှုကို အလေးပေးသော အစိုးရဖြစ်စေရေး ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လူမှုဝန်ထမ်း၊ ဗဟိုထိန်းချုပ်မှုလျှော့ချခြင်း၊ ကြိုးနီစနစ်ဖျက်သိမ်းခြင်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးပေါ်လစီများအတွက် အခွင့် အာဏာရှိသော မူဘောင်တစ်ခု ပေါ်ထွက်လာရေးအတွက် အထူးအလေးထား ဆောင်ရွက်နေသည်။ ကော်မတီမှာ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ ပြုလုပ်သည့် အကြံပြုချက် ၁၄၂ ချက်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထိုအကြံပြုချက်များထဲမှ ၇၈ ချက်မှာ လျင်လျင်မြန်မြန် အကျိုးခံစားနိုင်ရန်အတွက် နှောင့်နှေးမှုမရှိဘဲ အကောင်အထည်ဖော်ရန်ဖြစ်ပြီး၊ ၅၅ ချက်မှာ တည်ဆဲဥပဒေများအရ ဆောင်ရွက်ရန်ဖြစ်သည်။ ၉ ချက်မှာမူ လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရန်ဖြစ်သည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီမှာ ရေရှည်တည်တံ့သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ဖြစ်လာရေးကို ရှေ့ရှုသော အုပ်ချုပ်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ခု ပေါ်ထွက်လာရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီနှင့် ဧပြီလတို့တွင် အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ကိုယ်စားလှယ်များမှာ အဆိုပါအစည်းအဝေးများတွင် ပါဝင်ခဲ့ကြသည်။ သို့ဖြစ်၍ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ခု ပေါ်ထွက်လာရေးအတွက် နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့ပြီး ယခုအချိန်တွင် မူဘောင်ပြဌာန်းရမည့် လုပ်ငန်းစဉ်သို့ ရောက်ရှိနေပြီဖြစ်သည်။

၂၀။ မြန်မာနိုင်ငံမှာ နိုင်ငံတော်စီမံကိန်း လုပ်ငန်းဆောင်ရွက်မှု စီမံချက် ၂၀၁၃-၂၀၁၅ (Country Programme Action Plan- CPAP (2013–2015)) အောက်တွင် UNDP ၏ ရေရှည်တည်တံ့ပြီး ပြည်သူအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးသက်ရောက်မှုရှိရေးအစီအစဉ်ကို နိုင်ငံတာအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိနေသည်။

၂၁။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် ပထမဆုံး နိုင်ငံလုံးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည်။ ထို့နောက် ဒေသန္တရအုပ်ချုပ်မှု လေ့လာဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့ပေါင်း ၅၈ မြို့တွင် UNDP နှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဉ်မှ ထွက်လာသောရလဒ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အကောင်အထည် ဖော်ခဲ့သည်။ တွေ့ရှိချက်များကို အထွေထွေအုပ်ချုပ်ရေးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များ သို့ ဖြန့်ဝေပေးခဲ့သည်။

၂၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး၊ ဥပဒေအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ဌာနများနှင့် ရဲတပ်ဖွဲ့၏ တည်ဆောက်ပုံကိုလည်း ပြုပြင်ပြောင်းလဲခဲ့သည်။ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင် ပြောင်းလဲမှုများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

**ဂ။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးမှုအတွက် အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများ**

၂၃။ ၂၀၁၁ ခုနှစ်ကတည်းက ဥပဒေရေးရာ သုံးသပ်မှုကို ပြုလုပ်ခဲ့သည်။ ယခုအချိန်အထိ မြန်မာနိုင်ငံမှာ စုစုပေါင်း ဥပဒေ ၁၇၁ ခုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်သော နိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက်များနှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ပြဌာန်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။

၂၄။ လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးသော ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာနိုင်ငံမှာ ကျန်ရှိနေသည့် အဓိက နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များတွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာရန် ဆောင်ရွက်လျက်ရှိနေသည်။ ထို့ပြင် မြန်မာနိုင်ငံမှာ ၃ နှစ်အတွင်း ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဥပရောပသမဂ္ဂတို့နှင့် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။

**ဂ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်း**

၂၅။ မြန်မာနိုင်ငံမှာ ပြည်ထဲရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၈ ဦးပါဝင်သော လူ့အခွင့်အရေးကော်မတီတစ်ခုကို ၂၀၀၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် လုပ်ငန်းများတိုးမြှင့်နိုင်ရေး အဆိုပါကော်မတီကို အဖွဲ့ဝင် ၂၁ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ အပြုသဘောဆောင်သည့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုများကို အခြေခံ၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ကို သမ္မတ၏ အမိန့်ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့ပြီး မတူညီသော နယ်ပယ်နှင့် တိုင်းရင်းသားလူမျိုးများထဲမှ အဖွဲ့ဝင် ၁၅ ဦး ပါဝင်ခဲ့သည်။ ပဲရစ်စည်းမျဉ်းစည်းကမ်း (Paris Principles) နှင့်အညီဖြစ်စေရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေမှာ ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းအား အသိအမှတ်ပြုမှုနှင့်အတူ လူ့အခွင့်အရေးကို လေးစား၊ ကာကွယ်သော လူ့အဖွဲ့အစည်းတစ်ခု ဖန်တီးရေးကို ရည်ရွယ်သည်။ ထိုဥပဒေနှင့်အညီ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် MNHRC ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ယခုတွင်မူ MNHRC မှာ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးရေးအတွက် ၎င်းတို့၏ တာဝန်များကို လွတ်လွတ်လပ်လပ်နှင့် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိနေသည်။

**ဃ။ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်း**

(က) နိုင်ငံတကာလူ့အခွင့်အရေး သဘောတူညီချက်များ/စာချုပ်များတွင် လက်မှတ်ထိုးခြင်း၊ ပါဝင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း

(အကြံပြုချက် အမှတ် ၁၀၄-၁၊ ၁၀၄-၂၊ ၁၀၄-၃၊ ၁၀၄-၄၊ ၁၀၄-၆၊ ၁၀၄-၇၊ ၁၀၄-၈၊ ၁၀၆-၇၊ ၁၀၆-၁၁)

၂၆။ အဓိက နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ် ၉ ခုတွင် မြန်မာနိုင်ငံမှာ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့က ကလေးသူငယ် အခွင့်အရေးဆိုင်ရာသဘောတူညီချက် (CRC) ကို လက်ခံခဲ့ပြီး၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေး သဘောတူညီချက် (CEDAW) ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် သဘောတူလက်ခံခဲ့သည်။

၂၇။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်မှုနှင့် UPR ပထမ သတ်မှတ်ကာလ (First Cycle) တွင် ရရှိခဲ့သည့် အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို ဖော်ပြရန် မြန်မာနိုင်ငံမှာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် မသန်စွမ်းသူများဆိုင်ရာသဘောတူညီချက်၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆

ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်၏ ကလေးများအားရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်၌ လည်းကောင်း အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာခဲ့သည်။

၂၈။ နိုင်ငံ၏ နိုင်ငံရေးသဘောထားကို ပြသရန် သက်သေတစ်ခုအဖြစ် မြန်မာနိုင်ငံမှာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (ICESCR) တွင် အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် အစွမ်းကုန် ဆောင်ရွက်လျက်ရှိနေသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုပြီးဖြစ်သည်။ မြန်မာနိုင်ငံမှာ များမကြာမီကာလတွင် အဆိုပါ နိုင်ငံတကာသဘောတူညီချက်တွင် လက်မှတ်ရေးထိုးသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာတော့မည်ဖြစ်သည်။

၂၉။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံမှာ ကလေးသူငယ်အခွင့်အရေး သဘောတူညီချက်၏ လက်နက်ကိုင်ပဋိပက္ခတွင် ကလေးငယ်များပါဝင်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်ကို လက်မှတ်ထိုးရန် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

၃၀။ ထို့ပြင် မြန်မာနိုင်ငံမှာ ညှင်းပမ်းနှိပ်စက်မှုနှင့် အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် နှိမ့်ချသောဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ သဘောတူညီချက် (CAT) အပါအဝင် ကျန်ရှိနေသည့် နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် လက်မှတ်ရေးထိုးသည့်နိုင်ငံ ဖြစ်လာရန်အတွက် လေ့လာနေသည်။

### (ခ) နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

(အကြံပြုချက်အမှတ် ၁၀၄-၁၀၊ ၁၀၄-၁၈၊ ၁၀၄-၁၉၊ ၁၀၄-၃၇၊ ၁၀၄-၅၅၊ ၁၀၄-၅၇၊ ၁၀၅-၇၊ ၁၀၆-၄၅၊ ၁၀၇-၆၅)

### ၁။ တရားရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှု

၃၁။ တရားစီရင်ရေးတွင် လွတ်လပ်မှု၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ကဏ္ဍများတွင် အာဏာခွဲဝေမှုတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၀၊ ၃၀၁၊ ၃၀၉နှင့် ၃၁၀ အရ ပြည်ထောင်စုတရားရေးအကြီးအကဲ သို့မဟုတ် ပြည်ထောင်စုတရားရုံးချုပ်မှ တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တို့၏ တရားလွှတ်တော်မှ တရားသူကြီးများမှာ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရန်နှင့် အရပ်ဖက်တာဝန်များမှ အငြိမ်းစားယူထားရန် လိုအပ်သည်။

၃၂။ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံပဒေ ပုဒ်မ ၁၉ နှင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ တို့တွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ Bangalore

Principles of Judicial Conduct ကိုလည်း စံထား၍ ကျင့်သုံးသည်။ ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုတရားရုံးချုပ်မှာ မူတပြီး၊ လွယ်ကူ၍ ထိရောက်သော တရားရေးလုပ်ငန်းများကို ကျင့်သုံးဆောင်ရွက်ရန် တရားရုံးအားလုံးကို ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့သည်။ ကျင့်သုံးသည့်စနစ်ကို မြှင့်တင်ပေးရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာစံနှုန်းများနှင့် ပတ်သက်သည့် အကောင်းဆုံး ကျင့်သုံးမှု၊ အတွေ့အကြုံများကိုလည်း ဖလှယ်ခဲ့ကြသည်။

၃၃။ လွတ်လပ်သော တရားရေးစနစ်ကို မြှင့်တင်ရန်အတွက် ပြည်ထောင်စုတရားရုံးချုပ်မှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာမှစ၍ ၃ နှစ် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိနေသည်။ အဆိုပါ စီမံကိန်းမှာ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ယုံကြည်စိတ်ချရသည့် တရားရေးစနစ်တစ်ခု ဖြစ်လာအောင် မြှင့်တင်ပေးရေး၊ လိုအပ်သည့် ဥပဒေရေးရာ လုပ်ငန်းစဉ်ကို ရရှိခံစားနိုင်ရေး၊ ဆုံးဖြတ်ချက်များကို နှောင့်နှေးမှုမရှိ ချမှတ်နိုင်ရေးနှင့် တရားရုံးများ၏ တရားဝင်မှုကို တိုးမြှင့်ရေး တို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

## ၂။ မီဒီယာ ပြုပြင်ပြောင်းလဲမှုများ

၃၄။ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့က ပြုလုပ်ခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေးမိန့်ခွန်း၌ သမ္မတ ဦးသိန်းစိန်က ခေတ်မမီတော့သည့် သတင်းနှင့် စာနယ်ဇင်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်သွားမည်ဟု ထည့်သွင်း ပြောကြားခဲ့သည်။

၃၅။ မီဒီယာ ပြုပြင်ပြောင်းလဲမှုအတွင်း စာနယ်ဇင်းဆင်ဆာပြုလုပ်မှုကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် ဖျက်သိမ်းခဲ့သည်။ ပုဂ္ဂလိကသတင်းစာများကို ထုတ်ဝေခွင့်ပြုခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ နေ့စဉ်သတင်းစာ ၁၄ စောင်၊ ဂျာနယ် အစောင် ၂၅၀ တို့ ထွက်ရှိနေပြီဖြစ်သည်။ စာပေစိစစ်ဆေးရေးနှင့် မှတ်ပုံတင်ရေးဘုတ်အဖွဲ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ဖျက်သိမ်းခဲ့သည်။ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ၂၀၁၄ ခုနှစ် တွင် ပြဌာန်းခဲ့သည်။ မြန်မာစာနယ်ဇင်းကောင်စီ (ယာယီ) ကို ပြန်ကြားရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဂျာနယ်လစ် ၂၈ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ် မတ်လတွင် ပြဌာန်းခဲ့သည်။ မြန်မာ စာနယ်ဇင်းကောင်စီအောက်ရှိ အငြင်းပွားမှုနှင့် တိုင်ကြားမှုဖြေရှင်းရေး ကော်မတီမှာ ယနေ့အချိန်အထိ တိုင်ကြားမှုစုစုပေါင်း ၁၄၄ ခု ရရှိခဲ့ပြီး ၈၅ ခုကို ဖြေရှင်းခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားသတင်းဌာန ၁၉ ခုက ၎င်းတို့၏ ရုံးခန်းများကို ဖွင့်လှစ်ထားသည်။

၃၆။ နိုင်ငံတကာ မီဒီယာအကူအညီပေးရေးအဖွဲ့ (IMS)၊ UNESCO၊ Canal France International (CFI)၊ Deutsche Welle (DW AKADEMIE) တို့ကဲ့သို့ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သင်တန်းပေးမှုနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ခဲ့သည်။ အရပ်ဖက်နှင့် စစ်ဘက်တရားရုံးများ၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ဆိုင်ရာ သတင်းအချက်အလက်၊ ဂျာနယ်လစ်များနှင့် မီဒီယာသမားများအား ကာကွယ်ပေးမှုနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့သည်။ မြန်မာစာ နယ်ဇင်းကောင်စီ (ယာယီ)မှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ မီဒီယာ ဖွံ့ဖြိုးရေးညီလာခံကို ၃ ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့သည်။

၃၇။ ရုပ်သံထုတ်လွှင့်ခွင့် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနေပြီဖြစ်သည်။ မြန်မာနိုင်ငံရုပ်ရှင်ဥပဒေကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပူးပေါင်းကာ ပြင်ဆင်နေသည်။

## ၃။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်

၃၈။ မြန်မာနိုင်ငံတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှာ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပြီး ရပ်ရွာပြည်သူလူထုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးလျက် ရှိနေသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ကိုယ်စားလှယ်များ၊ လွှတ်တော်အမတ်များ၊ NGO၊ INGO နှင့် CSO အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ပြည်သူလူထုတို့ ပါဝင်ကာ အသင်းအဖွဲ့များမှတ်ပုံတင်မှုဥပဒေ ရေးဆွဲရေး အတွက် ပွင့်လင်းမြင်သာမှုရှိစွာ အကြံပြုဆွေးနွေးမှု စုစုပေါင်း ၁၈ ခုကို ဆောင်ရွက်ခဲ့သည်။ အဆိုပါဥပဒေမှာ အသင်းအဖွဲ့များဖွဲ့စည်းမှုနှင့် ၎င်းတို့၏ လှုပ်ရှားမှုများအား လွတ်လပ်စွာ ဆောင်ရွက်မှုကို ခွင့်ပြုရေး ရည်ရွယ်သည်။ ဥပဒေမှာ ၂၀၁၄ ခုနှစ်တွင် အာဏာတည်ခဲ့သည်။ ထိုဥပဒေအရ မှတ်ပုံတင်မှုမှာ မိမိ၏ သဘောဆန္ဒအလျောက်သာဖြစ်သည်။ ၂၀၁၅ ခုနှစ် မေလအထိ မြန်မာနိုင်ငံတွင် NGO နှင့် CSO ပေါင်း ၇၃၆ ဖွဲ့၊ INGO ပေါင်း ၁၂၀ ဖွဲ့ ရှိနေသည်။ နည်းဥပဒေများမှာ ၂၀၁၅ ခုနှစ် ဖွန်လ ၅ ရက်နေ့တွင် အသက်ဝင်ခဲ့သည်။

၃၉။ ၂၀၁၂ ခုနှစ်တွင် အလုပ်သမားအဖွဲ့အစည်းဥပဒေ အာဏာတည်ခဲ့ပြီးနောက် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်း အများအပြားကို ဖွဲ့စည်းခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မေလ ၂၆ ရက်အထိ အခြေခံအလုပ်သမားအဖွဲ့အစည်း ၁၆၀၁ ဖွဲ့ ရှိပြီး၊ မြို့နယ်အဆင့်အဖွဲ့စည်း ၇၁ ဖွဲ့၊ အလုပ်သမား သမဂ္ဂ ၇ ဖွဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် အလုပ်သမားအဖွဲ့အစည်း ၆ ဖွဲ့၊ အခြေခံ အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့၊ မြို့နယ်ဆင့် အလုပ်ရှင်အဖွဲအစည်း ၁ ဖွဲ့နှင့် အလုပ်ရှင် သမဂ္ဂ ၁ ဖွဲ့တို့ ရှိနေပြီဖြစ်သည်။

၄၀။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ထိုအချိန်မှစ၍ ပြည်သူလူထုမှာ ဆန္ဒထုတ်ဖော်မှုနှင့် စုဝေးမှုများအတွက် ၎င်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ ကျင့်သုံးနိုင်ပြီဖြစ်သည်။ ၂၀၁၄ ခုနှစ်ဇွန်လ ၂၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှာ ထိုဥပဒေပြင်ဆင်ချက်များကို အတည်ပြုခဲ့ပြီး၊ လွတ်လပ်စွာ စုဝေးခွင့်အတွက် နေရာများ ပိုမိုပေးအပ်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဆန္ဒထုတ်ဖော်မှုနှင့် စုဝေးမှု စုစုပေါင်း ၁၄၃၁ ခုကို ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ ဆန္ဒထုတ်ဖော်မှုများအတွက် အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများကို ရန်ကုန်၊ မန္တလေး၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သတ်မှတ်ပေးခဲ့သည်။

## (ဂ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများကို တိုးမြှင့်ကာကွယ်ခြင်း

(ဆုံးဖြတ်ချက်အမှတ် ၁၀၄-၅၊ ၁၀၄-၁၃၊ ၁၀၄-၁၄၊ ၁၀၄-၁၆၊ ၁၀၄-၁၇၊ ၁၀၄-၂၀၊ ၁၀၄-၄၂၊ ၁၀၄-၄၃၊ ၁၀၄-၄၄၊ ၁၀၄-၄၅၊ ၁၀၄-၄၆၊ ၁၀၄-၄၇၊ ၁၀၄-၄၈၊ ၁၀၄-၆၂၊ ၁၀၄-၆၃၊ ၁၀၅၆)

### ၁။ ပညာသင်ကြားခွင့်

၄၁။ မြန်မာနိုင်ငံ၏အကျယ်အဝန်းမှာ ၂၆၁,၂၂၈ စကွဲယားမိုင်ရှိသည်။ နိုင်ငံတစ်ဝှမ်းတွင် အခြေခံကျောင်း စုစုပေါင်း ၄၄,၄၀၄ ကျောင်း ရှိသည်။ နေအိမ်နှင့် စာသင်ကျောင်း ပျမ်းမျှအကွာအဝေးမှာ ၁.၃၉ မိုင်ဖြစ်သည်။ လုံလောက်သော သင်ကြားမှုအခွင့်အလမ်းများ အပါအဝင် အရည်အသွေးပြည့်ဝပြီး လူတိုင်းတတ်နိုင်သည့် ပညာရေး ပေးအပ်ရန်အတွက် အစိုးရမှာ နှစ်မြှုပ်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ပညာတတ်နှုန်းမှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ၉၅.၀၈% ရှိရာမှ ၂၀၄-၂၀၁၅ ပညာသင်နှစ်တွင် ၉၅.၂၀ % ရှိခဲ့သည်။

၄၂။ အစိုးရမှာ ပညာရေးကဏ္ဍတွင် နိုင်ငံ၏အသုံးစားရိတ် (ဘတ်ဂျက်) မှ သိသာသည့် ပမာဏတစ်ခုကို ဆက်လက်ခွဲဝေပေးနေသည်။ ပညာရေးဝန်ကြီးဌာနမှာ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အသုံးစားရိတ် ကျပ်ငွေ ၂၆၆.၇၀ ဘီလီယံ ရရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၁,၁၅၈.၄၃ ဘီလီယံ ရရှိခဲ့သည်။ ပညာရေးအသုံးစားရိတ်မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျပ်ငွေ ၁၂,၂၉၉.၀၁ ဘီလီယံအထိ ထပ်မံ တိုးလာခဲ့သည်။

၄၃။ မြန်မာနိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ အခမဲ့မူလတန်းပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်လျက် ရှိနေသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ စတင်၍ မူလတန်းနှင့် အလယ်တန်းကျောင်းသားများမှာ ပြဋ္ဌာန်းစာအုပ် တစ်စုံ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့်

ကျောင်းဝတ်စုံများကို ရရှိခဲ့သည်။ အစိုးရမှာ အထက်တန်းကျောင်းသားများအတွက်လည်း ပြဋ္ဌာန်းစာအုပ်များကို ပေးအပ်သွားမည်ဖြစ်သည်။ စာသင်ကျောင်းအသစ်များကိုလည်း ဖွင့်လှစ်ခဲ့ပြီး လိုအပ်သည့်နေရာများတွင် ဆရာ၊ ဆရာမများကို ခန့်အပ်ခဲ့သည်။

၄၄။ နှစ်စဉ် ကျောင်းအပ်နှံရေး လှုပ်ရှားဆော်ဩမှုရလဒ်ကြောင့် မူလတန်းကြိုကျောင်းသားများ ကျောင်းအပ်နှံမှုမှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၉၈.၇၇% အထိ ရောက်ရှိလာခဲ့သည်။ မသန်စွမ်း ကလေးသူငယ်များအတွက်ပါ အကျုံးဝင်မည့် ၂၀၁၃-၂၀၁၅ ခုနှစ်အတွက် လူတိုင်း အကျုံးဝင်ပညာရေးအစီအစဉ်ကိုလည်း ပြဋ္ဌာန်းခဲ့သည်။

၄၅။ ပညာရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်မှုမှာလည်း တိုးတက်လာခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ရေး ဥပဒေလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် နိုင်ငံအတွင်း ကိုယ်ပိုင်ကျောင်းပေါင်း ၂၈၀ ရှိလာခဲ့သည်။

၄၆။ လိုအပ်ချက်ရှိသော ကျောင်းသားများအတွက် ပညာတော်သင်ဆုအစီအစဉ်ကိုလည်း မိတ်ဆက်ပေးခဲ့သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၆,၀၂၂ ဦးမှာ အစိုးရထံမှ ပညာသင်ဆုကို ရရှိခဲ့သည်။ ထို့ပြင် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံခြားပညာတော်သင်ဆု ၂၄ ခုကို သမ္မတမှ ပေးအပ်ခဲ့သည်။

၄၇။ နိုင်ငံတကာပညာရေးစံနှုန်းများနှင့် ပြည့်မီစေရန်အလို့ငှာ သင်ရိုးသစ် ပေါ်ထွက်လာရေးတွင် ပညာရေးဝန်ကြီးဌာနမှာ UNICEF၊ JICA နှင့် ADB တို့နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေသည်။

၄၈။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ကတည်းက ကျောင်းသင်ရိုးတွင် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးမှု ပါဝင်ခဲ့သည်။

၄၉။ စာသင်ကျောင်းနှင့်ဝေးသော ဒေသများတွင် နေထိုင်သူ ကလေးငယ်များနှင့် ပြောင်းရွှေ့ အခြေချသူ ကလေးငယ်များအတွက် ရွေ့လျားစာသင်ကျောင်းများ ဖွင့်လှစ်ရေးကိုလည်း အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ရွေ့လျားစာသင်ကျောင်း ၁၂ ကျောင်းကို ကျောင်းသူ၊ ကျောင်းသား ၄၁၆ ဦးအတွက် မိတ်ဆက်ပေးခဲ့သည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အသက် ၅ နှစ်အောက်ကလေးငယ်များအား ကြည့်ရှုစောင့်ရှောက်ရန်အတွက် မူကြို ၄၄၆ ခုကို ဖွင့်လှစ်ခဲ့သည်။ ကျောင်းမနေသူကလေးများအတွက် အခမဲ့ညကျောင်း (Charity Night School) များကိုလည်း ဖွင့်လှစ်ခွင့်ပြုခဲ့သည်။

၅၀။ ပညာရေးကဏ္ဍတွင် ပြည့်ဝသောဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ သုံးသပ်မှု (CESR) ကို ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြီးစီးခဲ့သည်။ ထိုသုံးသပ်မှုတွင် အချိန်တိုအတွင်း လေ့လာအကဲဖြတ်ခြင်း၊ အသေးစိတ် လေ့လာဆန်းစစ်ခြင်းနှင့် ပညာရေးကဏ္ဍ စီမံကိန်းရေးဆွဲခြင်းတို့ ပါဝင်ခဲ့သည်။ ပညာရေး ဝန်ကြီးဌာနမှာ ပညာရေးကဏ္ဍစီမံကိန်း (၂၀၁၆-၂၀၂၀) ကိုလည်း ရေးဆွဲလျက် ရှိနေသည်။

၅၁။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ပညာရေးဝန်ကြီးဌာနမှာ ပညာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ တက္ကသိုလ်၊ ပညာရေး အသင်းအဖွဲ့ပေါင်း ၁၀၈ ခုနှင့် နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချွန်လွှာများကို လက်မှတ် ရေးထိုးခဲ့သည်။

**ဃ။ ကျန်းမာရေးဆိုင်ရာ အခွင့်အရေး**

၅၂။ လူ့အခွင့်အရေးကို အကောင်အထည်ဖော်ရာတွင် အခြေခံအချက်ဖြစ်သောကြောင့် မြန်မာအစိုးရမှာ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးကို ဦးစားပေးလုပ်ငန်းများထဲမှ တစ်ခုအဖြစ် သတ်မှတ်ထားသည်။

၅၃။ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် ရရှိခံစားခွင့် တိုးတက်ရေးမှာ အစိုးရ လုပ်ငန်းစဉ်တွင် မြင့်မားသည့်နေရာ၌ ရှိသည်။ ထို့ကြောင့် အစိုးရမှာ ကျန်းမာရေး အသုံးစားရိတ်ကို ၂၀၁၀-၂၀၁၁ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ၈ ဆ တိုးမြှင့်ခဲ့သည်။ လူတိုင်း လက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေး (UHC) ရည်မှန်းချက် အောင်မြင်ရန်နှင့် ချို့တဲ့သူများ၊ ထိခိုက်ခံစားလွယ်သော အုပ်စုများအပေါ် ရှိနေသည့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုတ်ဝန်ပိုးကို လျှော့ချရန်အတွက် မြန်မာနိုင်ငံက ဆောင်ရွက်နေသည်။

၅၄။ ပြီးခဲ့သည့် ၁၀ နှစ်အတွင်း အသက် ၁၅ နှစ်မှ ၄၉ နှစ်အကြား အရွယ်ရောက်ပြီးသူများ HIV ရောဂါပိုးကူးစက်မှု ၅၀% ကျော် ကျဆင်းခဲ့သည့် ကမ္ဘာပေါ်ရှိ အနည်းငယ်သောနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပြီး (UNAIDS ၏ ၂၀၁၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အစီရင်ခံစာ)၊ အခြေခံလူထုအတွင်း HIV ပိုး ပြန့်နှံ့မှုမှာလည်း ၁% အောက်သာ ရှိခဲ့သည်။ အစိုးရမှာ HIV ပိုးရှိနေသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိဘမဲ့ကလေးများနှင့် ထိခိုက်ခံစားလွယ်သော ကလေးငယ်များအား စောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှုများကို တိုးချဲ့ဆောင်ရွက်ပေးလျက် ရှိနေသည်။ ၂၀၁၂ ခုနှစ်တွင် မိဘမဲ့ကလေးများနှင့် ထိခိုက်ခံစားလွယ်သော ကလေးများ စုစုပေါင်း ၁၆၈၃ ဦးကို စောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှုများ ပေးအပ်ခဲ့သည်။

၅၅။ ၂၀၁၆ ခုနှစ်တွင် ကျန်းမာရေးအသုံးစားရိတ်ကို နိုင်ငံ ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာရန် ရည်ရွယ်၍ နှစ်စဉ် ကျန်းမာရေးအသုံးစားရိတ်တိုးမြှင့်ရေး အစိုးရက ကတိပြုထားပြီးဖြစ်သည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အကြားတွင် HIV နှင့်ဆက်စပ်သည့် ရန်ပုံငွေများအတွက် အစိုးရ၏ ထောက်ပံ့ကူညီမှုမှာ ၅ ဆနီးပါး တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၀.၇ သန်းမှ ၄.၁ သန်းအထိ ရှိခဲ့သည်။ ARV ဆေး အပါအဝင် HIV ဆေးဝါးများအတွက် ပြည်တွင်းထပ်ဆောင်း အသုံးစားရိတ် အမေရိကန်ဒေါ်လာ ၅ သန်းနှင့် မက်သာဒုန်း အစားထိုးကုသမှု အစီအစဉ် (methadone maintenance therapy) အတွက် ထပ်ဆောင်းအသုံးစားရိတ် အမေရိကန်ဒေါ်လာ ၁ သန်းတို့ကိုလည်း ကတိပြုခဲ့ပြီး HIV နှင့်ပတ်သက်သည့် ပြည်တွင်းရန်ပုံငွေမှာ ၁၅၀% အထိ ရှိလာခဲ့သည်။

၅၆။ ကျန်းမာရေးဝန်ကြီးဌာနမှာ ကလေးငယ်များအကြား HIV ရောဂါပိုးကူးစက်မှုကို ၂၀၁၅ ခုနှစ်တွင် ပပျောက်ရန်နှင့် ကလေးငယ်များအား ပြုစုပြုးထောင်နိုင်မည့် ကျန်းမာသော မိခင်များဖြစ်လာရေး ဆောင်ရွက်ရန်လည်း ကတိပြုထားသည်။ မွေးကင်းစ ကလေးများအပါအဝင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ၏ကျန်းမာရေး တိုးတက်စေရန်၊ ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစနှင့် ကလေးများသေဆုံးမှု၊ အဖတ်မတင်မှုကို လျော့ချရန်တို့နှင့် စပ်လျဉ်း၍ ထောက်ပံ့ကူညီမှုအမျိုးမျိုးကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ကိုယ်ဝန်ဆောင်နှင့် အသက် ၅ နှစ်အောက်ကလေးငယ်များ သေဆုံးမှုနှုန်းမှာ လျော့ကျလျက်ရှိနေသော်လည်း MDGs တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်နေသေးသည်။ အရည်သွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ရရှိခံစားနိုင်ရန် ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစနှင့် ကလေးငယ်များအတွက် အရေးပါသည့် ကျန်းမာရေးစောင့်ရှောက်မှု သီးသန့်အစီအစဉ် (Pakage) ကို သတ်မှတ်ပေးထားပြီး အသက် ၅ နှစ်အောက်ကလေးငယ်များတွက် ဆေးပေးခန်းများကိုလည်း နိုင်ငံတစ်ဝှမ်းရှိ ကျေးရွာ ကျန်းမာရေးဌာနခွဲများတွင် ဖွင့်လှစ်ပေးထားသည်။

၅၇။ ၂၀၁၁ ခုနှစ်ကတည်းက ဆေးရုံသစ် ၁၃၃ လုံး၊ ကျေးလက်ကျန်းမာရေးဌာန ၁၃၈ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၈၅ ခုတို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ အရေးပေါ်ကုသမှု လိုအပ်သူများကို ပြည်သူ့ဆေးရုံများတွင် အခမဲ့ ကုသပေးနေသည်။ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိနေသည်။

၅၈။ တိုင်းရင်းဆေးဝါး ဥပဒေ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ၊ ပုဂ္ဂလိကဆေးဝါးဆိုင်ရာဥပဒေ၊ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေ၊ အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အဆိပ်အတောက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် အမျိုးသားဆေးဝါးဥပဒေတို့ကဲ့သို့ ကျန်းမာရေးနှင့် ဆက်စပ်သည့် ဥပဒေများကိုလည်း ၂၀၁၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည်။

၅၉။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကိုလည်း မိမိစိတ်ဆန္ဒအတိုင်း ကုသနိုင်ရန် ရွေးချယ်ခွင့်နှင့် ထိခိုက်မှုလျော့ချရေး အစီအစဉ်များတွင် ပါဝင်ခွင့်ပေးခြင်းဆိုင်ရာ ရှုမြင်မှုနှင့်အတူ သုံးသပ်ခဲ့ပြီးဖြစ်သည်။

**၃။ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေး**

၆၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၄၈ နှင့် ၃၅၄ (ခ) တွင် တိုင်းရင်းသားလူမျိုးများ၏ အခြေခံအခွင့်အရေးကို အာမခံပေးထားပြီး၊ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုများကိုလည်း ကာကွယ်ပေးထားသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် တိုင်းရင်းသားလူမျိုးများအား ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၆၁။ တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ရေး အောင်မြင်ရန်အတွက် အရေးပါသည့် ခြေလှမ်းမှာ တိုင်းရင်းသားလူမျိုးများအားလုံးကို ထည့်သွင်းရမည့်၊ ပါဝင်ရမည့် လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ရန်ဖြစ်သည်။ ထိုခြေလှမ်း အောင်မြင်ရန်အတွက် အစိုးရမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မတူညီသောယဉ်ကျေးမှုများအပေါ် လေးစားမှုကို ဆက်လက်ထိန်းသိမ်းအားပေးသွားမည်ဖြစ်ကာ ယဉ်ကျေးမှုအမှတ်သညာများ၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ပြည်ထောင်စုစိတ်ဓာတ်တို့ကို ထိန်းသိမ်းရန်အတွက်လည်း ဖြစ်သည်။

၆၂။ မူလတန်းကျောင်းများတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားသင်ကြားသည့် အတန်းများကို အစိုးရက ခွင့်ပြုခဲ့သည်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားများအား ထိန်းသိမ်းမြှင့်တင်ပေးရန် မူကြို၊ သူငယ်တန်းနှင့် ပထမတန်းမှ ကျောင်းသားများအတွက် ထိုအတန်းများကိုလည်း ကျောင်းချိန်ပြင်ပတွင်လည်း ဖွင့်ခွင့်ပြုခဲ့သည်။

**၄။ စီးပွားရေးဆိုင်ရာ အခွင့်အရေးများ**

၆၃။ ကျယ်ပြန့်သောအောင်မြင်မှု ရရှိရန်နှင့် ရေရှည်ရည်မှန်းချက် ပြည့်မီရန်အတွက် အစိုးရမှာ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများဆိုင်ရာ မူဘောင် (FESR) ကို ဖော်ထုတ်ကာ ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးမှတစ်ဆင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိရန် မဟာဗျူဟာများကိုလည်း ချမှတ်ခဲ့သည်။

၆၄။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အချက်အလက်အတိအကျကို ရရှိရန်အတွက် အစိုးရမှာ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်မှ ဧပြီလ ၁၀ ရက်နေ့အထိ လူဦးရေနှင့်

အိမ်ထောင်စု စာရင်းကို ကောက်ယူခဲ့သည်။ အဆိုပါ သန်းခေါင်စာရင်းကောက်ယူမှုမှာ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး UNFPA၊ အခြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည့် ဒေသမှာ နိုင်ငံပိုင်နက်၏ ၁% အောက်သာရှိပြီး၊ လူဦးရေအချိုးအားဖြင့် နိုင်ငံလူဦးရေစုစုပေါင်း၏ ၂.၃၄% ရှိသည်။

၆၅။ သန်းခေါင်စာရင်းကောက်ယူမှုမှ ကနဦးရလဒ်များကို ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပြီး၊ နောက်ဆုံးရလဒ်ကို ၂၀၁၅ ခုနှစ် မေလ ၂၉ ရက်နေ့တွင် တရားဝင် ထုတ်ပြန်ကြေငြာခဲ့သည်။ သန်းခေါင်စာရင်းကောက်ယူမှုရလဒ်အရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁.၄၈ သန်းရှိသည်။

၆၆။ အိမ်ထောင်စုလူနေမှုအခြေအနေ ဘက်စုံစစ်တမ်းကောက်ယူမှု (Integrated Household Living Conditions Survey) အရ ၂၀၀၅ ခုနှစ်တွင် ဆင်းရဲမွဲတေမှုနှုန်းမှာ ၃၂.၂% ရှိခဲ့သည်။ အစိုးရမှာ ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမွဲတေမှုနှုန်းကို ၁၆% အထိ ထက်ဝက်လျော့ချရန် ပစ်မှတ်ထားဆောင်ရွက်နေသည်။ ၂၀၁၀ ခုနှစ်တွင် ဆင်းရဲမွဲတေမှုနှုန်းမှာ ၂၆% အထိ လျော့ကျခဲ့သည်။

၆၇။ ရည်မှန်းထားသည့်နှုန်းထားကို ရရှိရန်အတွက် သမ္မတဦးဆောင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဗဟိုကော်မတီမှာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လုပ်ငန်းကော်မတီနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျော့ချရေး အစီအစဉ်ကို အကောင်အထည်ဖော်ရန် သူမတူသော ကြိုးပမ်းအားထုတ်မှုများကို ဆောင်ရွက်နေသည်။ ရေလုပ်ငန်းကဏ္ဍတွင် ဘက်စုံလွှမ်းခြုံနိုင်သောဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာ၌ ကျေးလက်နေပြည်သူများကို ကူညီရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး အဓိက ဝန်ကြီးဌာနအဖြစ် သတ်မှတ်ခဲ့သည်။

၆၈။ နိုင်ငံ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရန်အတွက် အကူအညီပေးရေးစီမံကိန်း (umbrella project) ၃ ခုမှ ပြည်သူ့ဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်၍လည်းကောင်း၊ ကျေးလက်ဒေသ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးပွားမှုစီမံကိန်းကို ADB နှင့် ပူးပေါင်းဆောင်ရွက်၍လည်းကောင်း၊ ကျေးလက်ဒေသ စိမ်းလန်းစိုပြေရေးရန်ပုံငွေစီမံကိန်းကိုလည်းကောင်း ကျေးရွာ ၆၃,၈၉၉ ရွာတွင် အကောင်အထည်ဖော်လျက် ရှိနေသည်။

**(ဃ) တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးခြင်း**

(အကြံပြုချက်အမှတ် ၁၀၄-၁၂၊ ၂၀၄-၁၅၊ ၁၀၄-၂၄၊ ၁၀၄-၂၉၊ ၁၀၄-၅၁၊ ၁၀၄-၅၂၊ ၁၀၄-၅၃)

၆၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၂ တွင် တိုင်းရင်းသားလူမျိုးများအကြား စည်းလုံးညီညွတ်မှု၊ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှု၊ အပြန်အလှန် ဖေးမကူညီမှုတို့ကို တိုးမြှင့်ရန်၊ ဖွံ့ဖြိုးမှုနည်းပါးသော တိုင်းရင်းသားလူမျိုးများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတို့အပါအဝင် လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ရန် တို့အတွက် ပြည်ထောင်စုမှာ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေ၊ အနုသုခုမပညာနှင့် ယဉ်ကျေးမှုများကို ကူညီထောက်ပံ့ရမည်ဟု ပြဋ္ဌာန်းသတ်မှတ်ထားသည်။

၇၀။ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ချက်ခြင်းဆိုသလိုပင် လက်နက်ကိုင် ပဋိပက္ခများပေါ်ထွက်လာခြင်း၊ ဒေသများအပြားအတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှု ယုတ်လျော့လာခြင်းတို့က တိုင်းရင်းသားလူမျိုးများ ၎င်းတို့၏အခွင့်အရေးကို ရရှိခံစားရန် အဟန့်အတား ဖြစ်စေခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တက်လာသော အစိုးရလက်ထက်တွင် လက်နက်ကိုင်ပဋိပက္ခ ပြဿနာအတွက် အဖြေမှာ နိုင်ငံရေးနည်းလမ်းဖြင့်သာ ရရှိနိုင်မည်ဟူသော ယုံကြည်ချက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေသည်။ ယနေ့အချိန်အထိ တရားဝင်မဟုတ်သော တွေ့ဆုံဆွေးနွေးမှု ၂၀၀ ကျော်နှင့် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ ၅၀ တို့ကို ဆောင်ရွက်ပြီးဖြစ်သည်။ ထို့ပြင် အရပ်ဖက် လူမှု အဖွဲ့အစည်းများ၊ ယခင် အစိုးရအတိုက်အခံအုပ်စုများနှင့်လည်း အပြန်အလှန် တွေ့ဆုံ ဆွေးနွေးမှုပေါင်း ၁၀၀ ကျော် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၇၁။ ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့တွင် သမ္မတဦးဆောင်ပြီး အဖွဲ့ဝင် ၁၁ ဦးပါဝင်သော ပြည်ထောင်စုငြိမ်းချမ်ရေးဖော်ဆောင်ရေး ဗဟိုကော်မတီနှင့် ဒုတိယသမ္မတ ဦးဆောင်ပြီး အဖွဲ့ဝင် ၅၂ ဦးပါဝင်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။ ၄ နှစ်တာကာလအတွင်း လက်နက်ကိုင်အဖွဲ့ ၁၄ ဖွဲ့နှင့် အပစ်ရပ်ရေးသဘောတူညီချက်များ ရရှိခဲ့သည်။ ထိုအထဲမှ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် စုစုပေါင်း ငြိမ်းချမ်းရေး သဘောတူညီချက် ၃၈ ခုကို ပြည်ထောင်စုအစိုးရနှင့် လက်နက်ကိုင်အဖွဲ့ ၁၄ ခုတို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါ အပစ်ရပ်ရေးသဘောတူညီချက်များတွင် ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများ၊ ကျန်းမာရေး၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ နေရပ်ပြန်လာရေးနှင့် အခြားသော ကိစ္စရပ်များ

ပါဝင်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်ရေး သဘောတူညီချက် (NCA) မူကြမ်းကို လက်မှတ်ရေးထိုး နိုင်ခဲ့သည်။

၇၂။ အမည်ပျက်စာရင်းသွင်းထားသူ ၆၀၀၀ ကျော်ကို ပယ်ဖျက်ပေးခဲ့သည်။ နိုင်ငံရပ်ခြားတွင် နေထိုင်သည့် မြန်မာနိုင်ငံမှ နိုင်ငံရေးလှုပ်ရှားသူများကိုလည်း အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် အိမ်ပြန်လာရန် တရားဝင်ဖိတ်ခေါ်ခဲ့သည်။ ၎င်းတို့ ဘေးအန္တရာယ်ကင်းစွာ ပြန်လာနိုင်ရေးအတွက် အစိုးရက စီစဉ်ပေးခဲ့သည်။ ၎င်းတို့မှာ လက်ရှိ အချိန်တွင် အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် ကူညီဆောင်ရွက်ပေးနေကြသည်။

၇၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နည်းစနစ်ပိုင်းဆိုင်ရာ အကူအညီ ရရှိစေရန်အတွက် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) ကို သမ္မတ၏ လမ်းညွှန်မှုဖြင့် ဖွဲ့စည်းခဲ့သည်။ အသိ ပညာရှင်များ၊ အတတ်ပညာရှင်များနှင့် နိုင်ငံရေးပညာရှင်များမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေကြပြီဖြစ်သည်။ Stakeholder များ၏ တက်ကြွစွာ ပါဝင်မှုကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုအရှေ့ရောက်စေခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ထောက်ခံ အားပေးမှုကိုလည်း ရရှိခဲ့သည်။ နိုင်ငံတကာကျွမ်းကျင်ပညာရှင်၏ ပူးပေါင်းပါဝင်မှုနှင့်အတူ MPC မှာ အပစ်ရပ်ရေးစောင့်ကြည့်အဖွဲ့ ဖွဲ့စည်းတည်ထောင်နိုင်ရေး လေ့လာရန် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်တိုက် လုပ်ဆောင်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင် အထည်ဖော်ရေးနှင့် ပတ်သက်၍ လူငယ်များကို အသိပညာပေးရန်နှင့် ၎င်းတို့ ပူးပေါင်း ပါဝင်နိုင်ရန်အတွက် လစဉ် ပြည်သူ့ဖိုရမ်များ၊ လူငယ်နှင့် ငြိမ်းချမ်းရေး ဖိုရမ်များကို မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူနှင့် နေပြည်တော်တို့တွင် ပြုလုပ်ခဲ့သည်။

## (င) ထိခိုက်ခံစားလွယ်သော အုပ်စုများအား ကာကွယ်စောင့်ရှောက်ပေးခြင်း

(အကြံပြုချက်အမှတ် ၁၀၄-၁၁၊ ၁၀၄-၂၁၊ ၁၀၄-၃၂၊ ၁၀၄-၃၄၊ ၁၀၄-၃၅၊ ၁၀၄-၃၆၊ ၁၀၄-၃၉၊ ၁၀၅-၃၊ ၁၀၅-၈၊ ၁၀၅-၉၊ ၁၀၆-၄၃)

**၁။ ကလေးသူငယ်အခွင့်အရေး**

၇၄။ မြန်မာနိုင်ငံမှာ ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကို လက်ခံခဲ့ပြီး ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံမှာ ကလေငယ်များရောင်းချခြင်း၊ ကလေးပြည့်တန်ဆာနှင့် ကလေးညစ်ညမ်းစာပေဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၆ ရက်နေ့တွင် သဘောတူ လက်ခံခဲ့သည်။

၇၅။ ၂၀၁၁ ခုနှစ်ကတည်း မြန်မာနိုင်ငံမှာ တည်ဆဲကလေးသူငယ်ဥပဒေကို အရပ်ဖက်လူမှုအဖွဲ့အစည်းများမှပေးအပ်သော အမြင်များ၊ အကြံပြုချက်များကို ထည့်သွင်းစဉ်စား၍ ပြန်လည်ရေးဆွဲရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်နေသည်။ Early Childhood Development Law, 2014 ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဌာန်းခဲ့ပြီး၊ နည်းဥပဒေများကို ရေးဆွဲနေသည်။ မြန်မာနိုင်ငံ ရှေးဦးအရွယ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေး ပေါ်လစီကို၂၀၁၄ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ပြဌာန်းခဲ့သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ နိုင်ငံလုံးဆိုင်ရာ ကလေးများ စီမံကိန်း (၂၀၀၆-၂၀၁၅) (Myanmar Children National Programme (2006–2015)) ကို အကောင်အထည်ဖော်ပြီးဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီသို့ တတိယနှင့် စတုတ္ထမြောက် အစီရင်ခံစာများကို ပူးတွဲတင်သွင်းခဲ့သည်။

၇၆။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အသင်းအဖွဲ့ဗဟိုပြု ချဉ်းကပ်မှုနှင့် ပြည်သူဗဟိုပြုချဉ်းကပ်မှု နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိနေသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတွင် စေတနာ့ဝန်ထမ်းစိတ်ဓာတ်ကို မြှင့်တင်ပေးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်နှင့် မြို့ကြီး ၂၆ နေရာတွင် သင်တန်းပေးသူများအား လေ့ကျင့်သင်ကြားပေးမှု (Training of Trainers) ၂၆ ခုကို ဆောင်ရွက်ခဲ့သည်။ ထိုအထဲမှ စေတနာ့ဝန်ထမ်း ၁၃၇၆ ဦးမှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည်။

၇၇။ စစ်တပ်များတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များကို လူသစ်စုဆောင်းမှုအား ထိထိရောက်ရောက် တားဆီးရန်အတွက် အစိုးရနှင့် ကုလသမဂ္ဂ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံအလိုက်အထူးတာဝန်အဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။

၇၈။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ အသက်မပြည့်သေးသော ကလေးသူငယ် ၇၂၂ ဦးကို စစ်တပ်မှ နုတ်ထွက်ခွင့်ပြုခဲ့သည်။ ထိုသို့နုတ်ထွက်ခဲ့သူများအား လူ့အဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေးနှင့် ပြည်လည်ထူထောင်ရေးတို့ကို အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ပေးခဲ့သည်။ အသက်မပြည့်သေးသူများကို မှားယွင်းစွာ တပ်သားသစ်စုဆောင်းခဲ့သူ အရာရှိ ၅၀ နှင့် အခြားအဆင့် ၂၇၇ ဦး၊ စုစုပေါင်း စစ်မှုထမ်း ၃၂၇ ဦးကိုလည်း ပြစ်ဒဏ်ပေးမှုများ ပြုလုပ်ခဲ့သည်။ စောင့်ကြည့်လေ့လာရေး အဖွဲ့ စုစုပေါင်း ၃၅ ခုမှာ ဒေသဆိုင်ရာ စစ်ဌာနချုပ် ၁၂ ခု၊ တပ်ရင်း ၁၀၁ ရင်းနှင့် နယ်ခြားစောင့်တပ်ဖွဲ့ ၄ ခုသို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။ ပြည်သူလူထု အသိပေး

ပိုစတာများနှင့် စတစ်ကာများကိုလည်း မြို့နယ် ၃၂၄ ခုတွင် ဖြန့်ဝေခဲ့ပြီး ပညာပေးဆိုင်းဘုတ် ၂၉၂ ခုကိုလည်း စိုက်ထူခဲ့သည်။

၇၉။ ကလေးငယ်တိုင်း မွေးဖွားကြောင်းအသိအမှတ်ပြုလက်မှတ် ရရှိရေးအတွက် ဒေသအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်သော ပူပေါင်းအဖွဲ့များမှာ အောက်ခြေအဆင့်နှင့် ဝေးလံခေါင်ဖျားသော ဒေသများသို့ သွားရောက်ကာ ဆောင်ရွက်ပေးခဲ့သည်။

## ၂။ အမျိုးသမီးများအခွင့်အရေး

၈၀။ မြန်မာနိုင်ငံမှာ ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်နေ့တွင် CEDAW ကို သဘောတူ ပါဝင်ခဲ့သည်။ စတုတ္ထနှင့် ပဉ္စမမြောက်အစီရင်ခံစာများကို ၂၀၁၄ ခုနှစ်တွင် CEDAW ကော်မတီသို့ ပူးတွဲတင်သွင်းခဲ့သည်။ သဘောတူညီချက်၏ အပိုဒ် ၂ ကို အကောင်အထည်ဖော်ရေးအတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာဥပဒေမူကြမ်း ရေးဆွဲသည့်လုပ်ငန်းစဉ်ကို လက်ရှိအချိန်တွင် ဆောင်ရွက်နေသည်။

၈၁။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှာ ကျား၊ မ တန်းတူညီမျှရေးအတွက် တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိနေသည်။ ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် ဥပဒေဆိုင်ရာ ဆွေးနွေးမှုပေါင်း ၁၀,၆၀၈ ခုကို ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သည်။ အမျိုးသမီး ပြည်ထောင်စုဝန်ကြီး ၂ ဦး၊ အမျိုးသမီး ဒုတိယ ပြည်ထောင်စုဝန်ကြီး ၇ ဦး၊ အမျိုးသမီး လွှတ်တော်အမတ် ၅၅ ဦးနှင့် အမျိုးသမီးအဆင့်မြင့်အရာရှိ ၅၄၇ ဦးတို့မှာ လွှတ်တော်တွင်လည်းကောင်း၊ အစိုးရအဖွဲ့တွင်လည်းကောင်း ရွေးကောက်တင်မြှောက်၊ ခန့်အပ် ခံထားရသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်ပတ်သက်၍ "လုံးဝ သည်းမခံသည့် ပေါ်လစီ" သို့မဟုတ် လျှော့ပေါ့ခွင့်မရှိသောမူဝါဒကို ကျင့်သုံးသည်။ မြန်မာနိုင်ငံ၏ စစ်မှုထမ်းများမှာ စစ်ဖက်ဆိုင်ရာ အရေးယူမှုနှင့် ရာဇဝတ်မှုဆိုင်ရာ အရေးယူမှု နှစ်ခုစလုံးနှင့် အကျုံးဝင်သည်။ အဓမ္မပြုကျင့်မှုနှင့် ဆက်စပ်သော ပြစ်မှုများကိုကျူးလွန်သူ မည်သူမဆို အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှစ၍ အပြစ်ပေး အရေးယူခဲ့သည်။

၈၂။ လူကုန်ကူးခံရသော အမျိုးသမီးများကိုမူ ထိခိုက်ခံစားရသူများနှင့်ပတ်သက်သည့် ဝန်ဆောင်မှုများ ဥပဒေရေးရာ ကူညီမှုများကို ပေးအပ်ခဲ့သည်။

၈၃။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော် အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) ကို ပြဋ္ဌာန်းခဲ့ပြီး၊ အမျိုးသမီးများ အခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးရန် ထိုစီမံကိန်းအား တက်တက်ကြွကြွ အကောင်အထည် ဖော်လျက် ရှိနေသည်။

၈၄။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှာ အသက်မွေးဝမ်းကြောင်းသင်တန်း၊ အလုပ်အကိုင် အခွင့်အရေး ရရှိခံစားခွင့်၊ အခြေခံကျန်းမာရေးအသိပညာ မြှင့်တင်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ စသည်တို့အပါအဝင် လေ့ကျင့် သင်ကြားမှု အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိနေသည်။

၈၅။ အမျိုးသမီးနှင့် ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုအသင်းကိုလည်း ၂၀၁၃ ခုနစ်တွင် ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများနှင့် ကလေးသူငယ် သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် တိုးမြှင့်ဆောင်ရွက်ပေးနေသည်။

**၃။ သက်ကြီးရွယ်အိုများအား ကာကွယ်ထောက်ပံ့ပေးခြင်း**

၈၆။ သက်ကြီးရွယ်အိုများအား ကူညီထောက်ပံ့မှုများ ပိုမိုပေးအပ်နိုင်ရန်အတွက် အမျိုးသား လူမှုဘဝကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ ကို ၂၀၁၄ ခုနစ် ဒီဇင်ဘာတွင် စတင် မိတ်ဆက်ခဲ့သည်။ အဆိုပါ မဟာဗျူဟာကို အကောင်အထည်ဖော်ရာတွင် လူမှုဖူလုံရေးပင်စင်ကို ဆုံးဖြတ်ရန်အတွက် INGO များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ စစ်တမ်းကောက်ယူမှု တစ်ခုကို လည်း မကြာသေးမီက ပြုလုပ်ခဲ့သည်။

၈၇။ သမ္မတကလည်း အသက် ၁၀၀ အထက် သက်ကြီးရွယ်အို စုစုပေါင်း ၇၄၉ ဦးကို ၂၀၁၅ ခုနစ် ဇန်နဝါရီလတွင် အသိအမှတ်ပြုလက်မှတ် ပေးအပ်မှုနှင့်အတူ ဘဏ္ဍာရေးနှင့် အခြားသော အကူအညီများကို ထောက်ပံ့ပေးအပ်ရန် အာမခံခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အသက် ၉၀ အထက် သက်ကြီးရွယ်အိုများကို စုစုပေါင်း ကျပ်ငွေ သန်း ၅၀၀ ထောက်ပံ့ကူညီသွားမည် ဖြစ်သည်။

**၃။ မသန်စွမ်းသူများ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း**

၈၈။ မြန်မာနိုင်ငံမှာ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၁ ခုနစ် ဒီဇင်ဘာ ၇ ရက်နေ့တွင် သဘောတူပါဝင်ခဲ့သည်။ သဘောတူညီချက်တွင် ပြဋ္ဌာန်းထားမှုများကို အခြေခံကာ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနစ်တွင် ပြဋ္ဌာန်းခဲ့သည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက်ကို ထိထိရောက်ရောက် အကောင်

အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံမှာ သင်္ကေတ ဘာသာစကား (sign language)ကို မြှင့်တင်ပေးခြင်း၊ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းပေးခြင်းနှင့် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား အသိပညာပေးမှု မြှင့်တင်ခြင်း စသည်တို့ကို နိုင်ငံတော် စီမံကိန်း (၂၀၁၄-၂၀၁၅) တွင် ထည့်သွင်းခဲ့သည်။

၈၉။ လူမှုဘဝကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အဆင့် မဟာဗျူဟာ (၂၀၁၅-၂၀၂၂) ကို ဖော်ဆောင်လျက်ရှိနေပြီး ထိုမဟာဗျူဟာထဲတွင် လူမှုဘဝကာကွယ်မှုအားဖြင့် မသန်စွမ်းသူများ အကျိုးခံစားရမည့် ကိစ္စရပ်များလည်း ပါဝင်သည်။

**(စ) လူကုန်ကူးမှုကို ဟန့်တား တိုက်ဖျက်ခြင်း**

(အကြံပြုချက် အမှတ် ၁၀၅-၁၀)

၉၀။ မြန်မာနိုင်ငံမှာ ကုလသမဂ္ဂ၏ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေး သဘောတူညီချက်ငင်း၏ နောက်ဆက်တွဲ အခြေပြုစာချုပ်များဖြစ်သော လူကုန်ကူးမှု၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုကို တားဆီးခြင်း၊ တိုက်ဖျက်ခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်နှင့် ရွှေ့ပြောင်းအခြေချသူများကို ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းတို့မှ တရားမဝင်ပို့ဆောင်မှု ဆန့်ကျင်ရေးဆိုင်ရာ နောက်ဆက်တွဲအခြေပြုစာချုပ်များ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။

၉၁။ ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

၉၂။ မြန်မာနိုင်ငံမှာ လူကုန်ကူးမှုနှိမ်နင်းရေး ဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါ ဗဟိုအဖွဲ့အောက်တွင် လုပ်ငန်းအဖွဲ့ ၃ ခုမှာ လည်ပတ်ဆောင်ရွက်လျက် ရှိနေသည်။ အဆိုပါ လုပ်ငန်းအဖွဲ့ ၃ ခုမှာ ဒုတိယပြည်ထဲရေးဝန်ကြီး ဦးဆောင်သည့် လူကုန်ကူးမှုတားဆီးရေးနှင့် လူကုန်ကူးခံရသူများအား ကာကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယရှေ့နေချုပ် ဦးဆောင်သည့် ဥပဒေမူဘောင်နှင့် တရားစွဲဆိုမှုလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဒုတိယဝန်ကြီး ဦးဆောင်သည့် လူကုန်ကူးခံရသူများအား မူရင်းနိုင်ငံသို့ ပြန်ပို့ရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့ဖြစ်သည်။

၉၃။ လက်ရှိအချိန်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေကို ယနေ့ခေတ်စိန်ခေါ်မှုများနှင့် ကိုက်ညီရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် ဆန်းစစ်မှု ပြုလုပ်နေသည်။

## (ဆ) ကုလသမဂ္ဂလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(အကြံပြုချက်အမှတ် ၁၀၄-၂၂၊ ၁၀၄-၂၃၊ ၁၀၄-၂၃၊ ၁၀၄-၂၅၊ ၁၀၄-၂၆၊ ၁၀၄-၂၇၊ ၁၀၄-၂၈၊ ၁၀၄-၅၉၊ ၁၀၄-၆၁၊ ၁၀၅-၄၊ ၁၀၅-၅၊ ၁၀၇-၁၅၊ ၁၀၇-၂၃၊ ၁၀၇-၆၈)

၉၄။ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းကို အတည်ပြုခဲ့သည်။ ကြေငြာချက်မူကြမ်းတစ်ခုလုံးကို အတည်ပြုရန် အတွက် မြန်မာနိုင်ငံမှာ ပထမဆုံး မဲပေးခဲ့သည့်နိုင်ငံဖြစ်ပြီး၊ ကြေငြာ စာတမ်းကိုလည်း မဲပေးခဲ့သည်။ ထိုအချင်းအရာက လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးရာတွင် ကုလသမဂ္ဂ၌ မြန်မာနိုင်ငံ၏ သမိုင်းမှတ်တိုင်အခြေအနေကို ကိုယ်စားပြုနေသည်။

၉၅။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေကို ၁၉၉၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တတိယမြောက်ကော်မတီ (Third Committee of the United Nations General Assembly) တွင် ပထမဆုံး ဆွေးနွေးခဲ့သည်။ ထိုကဲ့သို့ ဆွေးနွေးမှုကို လူ့အခွင့်အရေး ကော်မရှင်တွင်လည်း ၁၉၉၂ ခုနှစ်က ပြုလုပ်ခဲ့သည်။ ထိုစဉ်က ဆုံးဖြတ်ချက်များမှာ ဒီမိုကရေစီ တိုင်းပြည်တစ်ခု တည်ဆောက်ရေးအတွက် ခိုင်မာသော ခြေလှမ်းများ ဖော်ဆောင်ရေးနှင့် နိုင်ငံသားအားလုံးကို နိုင်ငံရေးဖြစ်စဉ်တွင် လွတ်လပ်စွာ ပူးပေါင်း ပါဝင်ခွင့်ပြုရေးတို့ကို အလေးထား ဖော်ပြခဲ့သည်။ ထိုလုပ်ငန်းများကို မြန်မာနိုင်ငံက အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်လေသည်။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ပေးမှု၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု တို့တွင် အပြုသဘော ဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုများ မြန်မာနိုင်ငံတွင် ရှိနေသော်လည်း နိုင်ငံရေးစွက်ဖက်မှု ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ဆုံးဖြတ်ချက်များလည်း ဆက်လက်ထွက်ပေါ် နေသည်။

၉၆။ နိုင်ငံတိုင်း၏ လူ့အခွင့်အရေးပြဿနာများကို အပြုသဘောဆောင်သည့် အပြုအမူနှင့်အတူ တူညီသောအခြေအနေအပေါ်မူတည်၍ ဆွေးနွေးရာတွင် နိုင်ငံတိုင်း အလှည့်ကျအစီရင်ခံရမည့် လုပ်ငန်းစဉ် (Universal Periodic Review) က မှီခိုအားထားနိုင်ဆုံး လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံက မှတ်ယူသည်။ လူအခွင့်အရေးအခန်းကဏ္ဍများတွင် ပြီးခဲ့သည့် နှစ်အနည်းငယ် အတွင်း မြန်မာနိုင်ငံက ဆောင်ရွက်ခဲ့သည့် လက်ဆုပ်လက်ကိုင်ပြနိုင်သော တိုးတက်မှုက ဒေသတွင်းနှင့် ဒေသပြင်ပတွင်ပါ နိုင်ငံကို ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်စေခဲ့သည်။ မြန်မာနိုင်ငံကပြုလုပ်ခဲ့သည့် ငြင်းကွယ်၍မရသော တိုးတက်မှုနှင့်အတူ လူ့အခွင့်အရေး ပြဿနာများကို ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မျှတမှုနှင့် ဘက်မလိုက်မှု တို့ကိုအခြေခံကာ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်နေမှုများကို ရပ်တန့်ရန် အချိန်ကျပြီဖြစ်သည်။

၉၇။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီမှ အတည်ပြုသော မြန်မာနိုင်ငံအပေါ် နိုင်ငံရေးစွက်ဖက်မှုပါဝင်သည့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံက သဘောမတူ ပယ်ချခဲ့သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံမှာ ယခုအချိန်အထိ မစ္စတာ သောမတ်စ် အိုဂျေ ကွင်တာနား (Mr. Tomas Ojea Quintana) ၏ ခရီးစဉ် ၉ ကြိမ်၊ မစ္စစ် ယန်ဟီးလီ (Ms. Yanghee Lee) ၏ ခရီးစဉ် ၂ ကြိမ် အပါအဝင် အထူးကိုယ်စားလှယ်များ လာရောက်လည်ပတ်မှုကို လက်ခံခဲ့သည်။ အကျဉ်းသားများအပါအဝင် ၎င်းတို့ရွေးချယ်သူများနှင့် လွတ်လပ်စွာတွေ့ဆုံခွင့်၊ ၎င်းတို့ တောင်းဆိုသည့်နေရာများကို လွတ်လပ်စွာ သွားရောက်ခွင့် ပြုခဲ့သည်။ တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးကောင်စီမှ သက်ဆိုင်ရာအထူးကိုယ်စားလှယ်များက တောင်းဆိုသော သတင်းအချက်အလက် အားလုံးကိုလည်း ပေးအပ်ခဲ့သည်။

၉၈။ မြန်မာနိုင်ငံမှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုံမှန်လာရောက်လည်ပတ်မှုကိုလည်း ကုလသမဂ္ဂနှင့် ပူးပေါင်း ဆောင်ရွက်လိုသော စိတ်ဆန္ဒဖြင့် လက်ခံခဲ့သည်။

၉၉။ မြန်မာနိုင်ငံနှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) တို့၏ ပူးပေါင်း ဆောင်ရွက်မှုမှာ ဆက်လက်ဖြစ်ထွန်းနေသည်။ OHCHR မှ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူများက ဥပဒေစိုးမိုးရေးအဖွဲ့များ၊ နိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ Stakeholder များနှင့်အတူ လူ့အခွင့်အရေး အသိပညာပေး သင်တန်းများကို ၂၀၁၂ ခုနှစ်ကတည်းက ဆောင်ရွက်လျက် ရှိနေသည်။

**(ဇ) အလုပ်သမားအခွင့်အရေးကို မြှင့်တင်ကာကွယ်ပေးခြင်း**

(အကြံပြုချက်အမှတ် ၁၀၄-၃၃၊ ၁၀၄-၄၁၊ ၁၀၄-၅၆၊ ၁၀၄-၆၀၊ ၁၀၅-၂၊ ၁၀၆-၄၀)

၁၀၀။ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာနိုင်ငံမှာ ဥပဒေ ၁၇၁ ခုကို ပြဌာန်းခြင်း၊ ပြင်ဆင်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ထိုအထဲမှ အချို့တွင် နိုင်ငံအတွင်း ပိုမိုကောင်းမွန်သော အလုပ်သမားအခွင့်အရေး ဆောင်ကျဉ်းပေးရန်လည်း ပါဝင်သည်။ ထိုဥပဒေများတွင် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေ၊ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေ ဥပဒေ၊ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ နှင့် ၁၉၅၁ ခုနှစ် ပိတ်ရက်များနှင့် ခွင့်ရက်ဆိုင်ရာ အက်ဥပဒေအား ပြင်ဆင်သည့် ဥပဒေတို့လည်း ပါဝင်သည်။

၁၀၁။ ၂၀၁၂ ခုနှစ် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေး ပြင်ဆင်ချက် ဥပဒေတွင် အဓမ္မ လုပ်အားခိုင်းစေမှုကို ရာဇဝတ်ဝတ်မှုအဖြစ်သတ်မှတ်ကာ အပြစ်ပေးရန် ထည့်သွင်းထားသည်။ ကျူးလွန်သူ မည်သူမဆို ထောင်ဒဏ် ၁ နှစ် သို့မဟုတ် ဒဏ်ငွေ တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ရန် ထိုဥပဒေတွင် သတ်မှတ်ထားသည်။

၁၀၂။ ၁၉၂၃ ခုနှစ် အလုပ်သမားလျော်ကြေးပေးရေး အက်ဥပဒေ၊ ၁၉၂၃ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ ၁၉၉၁ ခုနှစ် ဈေးဆိုင်များနှင့် လုပ်ငန်းများအက်ဥပဒေ၊ ၁၉၃၆ ခုနှစ် အခကြေးငွေများ အက်ဥပဒေ စသည်တို့ကို အစားထိုးရန် ပြင်ဆင်ချက်ဥပဒေသစ်များမှာ ရေးဆွဲသည့်လုပ်ငန်းစဉ်၌ ရှိနေသည်။ ၁၉၅၉ ခုနှစ် အလုပ်အကိုင်ဆိုင်ရာတားမြစ်မှု အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေကိုလည်း ပြင်ဆင်နေသည်။ နိုင်ငံခြားအလုပ်သမားဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေအသစ်ကိုလည်း မူကြမ်းရေးဆွဲ နေသည်။

၁၀၃။ အလုပ်သမားများ၏ အခွင့်အရေးများ၊ တာဝန်များကို ILO ၏ စံနှုန်းများနှင့် ကိုက်ညီစေရန်၊ အလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်များဆိုင်ရာ ဥပဒေတစ်ခု ပေါ်ထွက်လာရန်တို့အတွက် ရှိပြီးသားအလုပ်သမားဥပဒေမှ ပြဌာန်းချက်များအား ပြန်လည်သုံးသပ်မှုကို နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့်အတူ မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်နေသည်။

၁၀၄။ ၂၀၁၁ ခုနှစ် အလုပ်သမားအသင်းအဖွဲ့ဥပဒေ ပြဌာန်းခဲ့ပြီးနောက်ပိုင်း အလုပ်သမား အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းခဲ့ကြသည်။ ၂၀၁၅ ခုနှစ် မေလအထိ အခြေခံ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်း စုစုပေါင်း ၁၇၁၅ ခု၊ အလုပ်သမားသမဂ္ဂ ၇ ခုနှင့် အလုပ်ရှင် သမဂ္ဂ ၁ ခုတို့ ရှိနေပြီဖြစ်သည်။ ILO ၏ သဘောတူညီချက်အမှတ် ၈၇ အား အကောင်အထည်ဖော်ရာတွင် ၂၀၁၂ ခုနှစ်မှ ယနေ့အချိန်အထိ၊ နားလည်သဘောပေါက်မှု မြှင့်တင်ပေးသည့် အလုပ်ရုံဆွေးနွေးပွဲ စုစုပေါင်း ၁၂၁ ခုကို စီစဉ်ကျင်းပပေးခဲ့သည်။

၁၀၅။ ၂၀၁၃ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအရ မြို့နယ်အဆင့်တွင် ညှိနှိုင်းဆွေးနွေးရေး ကော်မတီနှင့် ခုံသမာဓိဘုတ်အဖွဲ့များ ၃၂၄ ခု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အဆင့်တွင် ခုံသမာဓိ ဘုတ်အဖွဲ့များနှင့် ခုံသမာဓိကောင်စီ ၁၄ ခုတို့ကို အစိုးရကိုယ်စားလှယ်များ၊ အလုပ်သမားများ၊ အလုပ်ရှင်များနှင့် ပူးပေါင်း ဖွဲ့စည်းခဲ့သည်။

၁၀၆။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေတွင် အာမခံစနစ် ၅ ခု ပါဝင်ပြီး ၎င်းတို့ကို ၂၀၁၄ ခုနှစ်တွင် မိတ်ဆက်ပေးခဲ့သည်။ အဆိုပါ အာမခံစနစ် ၅ ခုတွင် ကျန်းမာရေးနှင့် လူမှုဘဝစောင့်ရှောက်ရေး၊

မိသားစုအကျိုးခံစားခွင့်စနစ်၊ ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့်၊ သက်ပြည့်ပင်စင် အကျိုးခံစားခွင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ ထိခိုက်မှုအကျိုးခံစားခွင့်နှင့် အခြားသော လူမှုဖူလုံရေး စသည်တို့ ပါဝင်သည်။ အာမခံစနစ် ၃ ခုဖြစ်သော ကျန်မာရေးနှင့် လူမှုစောင့်ရှောက်ရေး၊ မိသားစု ထောက်ပံ့ရေးနှင့် ထိခိုက်မှုအကျိုးခံစားခွင့်တို့ကို အထောက်အကူဖြစ်သည့် အာမခံစနစ်တို့ကို အကောင်အထည်ဖော်ပြီးဖြစ်သည်။ အာမခံစနစ်များကို အကောင်အထည်ဖော်ရာတွင် မြို့နယ် ၁၁၀ ၌ ဆေးရုံ ၃ ခု၊ လူမှုဖူလုံရေးဆေးခန်း ၉၄ ခုနှင့် ဌာနဆိုင်ရာဆေးခန်း ၄၄ ခု ဖွင့်လှစ်မှုလည်း ပါဝင်ခဲ့သည်။ ထို့ပြင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်ရန်အတွက် ရွှေ့လျား ဆေးဘက်ဆိုင်ရာအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။

၁၀၇။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာအလုပ်သမားအဖွဲ့ (ILO) အကြား နားလည်မှုစာချွန်လွှာတစ်ခုကို ILO ၏ သဘောတူညီချက်အမှတ် ၂၉ နှစ်ဆက်စပ်၍ ၂၀၀၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ခဲ့ပြီး၊ အဓမ္မလုပ်အားခိုင်းစေမှု တိုင်ကြားချက်များကို ဖြေရှင်းရန်အတွက် ILO ၏ ဆက်သွယ်ရေး အရာရှိနှင့် တိုင်ကြားရေးလုပ်ငန်းစဉ်တစ်ခုကိုလည်း သတ်မှတ်ခဲ့သည်။ နောက်ဆက်တွဲ စာချွန် လွှာကို နှစ်စဉ် သက်တမ်းတိုးလျက်ရှိနေပြီး ယခုသက်တမ်းမှာ ၂၀၁၆ ခုနှစ်အထိ အကြုံးဝင် မည်ဖြစ်သည်။

၁၀၈။ ၂၀၁၅ ခုနှစ်တွင် အဓမ္မလုပ်အားစေခိုင်းမှု ပပျောက်ရေး ပူးတွဲမဟာဗျူဟာကို ၂၀၁၂ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံနှင့် ILO တို့ လက်မှတ်ရေးထိုးခဲ့သည်။ အဓမ္မလုပ်အားခိုင်းစေမှု ပပျောက်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ILO မှ မြန်မာနိုင်ငံ အပေါ် ထားရှိသည့် ကန့်သတ်ချက်များကို ၂၀၁၃ ခုနှစ်တွင် ရုပ်သိမ်းခဲ့သည်။

၁၀၉။ ကလေးလုပ်သားအဆိုးရွားဆုံးပုံစံများ (Worst Forms of Child Labour) ဆိုင်ရာ ILO ၏ သဘောတူညီချက်အမှတ် ၁၈၂ ကို မြန်မာနိုင်ငံက သဘောတူပါဝင်ခဲ့သည်။ ကလေး အလုပ်သမားရေးရာ နည်းစနစ်ဆိုင်ရာ အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာအထိ ၄ နှစ် စီမံကိန်းကို မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် မူဘောင်အတွင်း ILO ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ အကောင်အထည်ဖော်လျက် ရှိနေသည်။

၁၁၀။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နေ့က မြန်မာနိုင်ငံမှာ နိုင်ငံတကာ ရွှေ့ပြောင်းလုပ်သား များဆိုင်ရာအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ နိုင်ငံရပ်ခြား အလုပ်အကိုင်စောင့်ကြည့်လေ့လာ ရေးကော်မတီမှာ ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေး တိုးမြှင့်ကာကွယ်မှုကို ရှေ့ရှု၍ လုပ်ငန်းများ လုပ်ဆောင်နေသည်။

၁၁၁။ မြန်မာရွှေ့ပြောင်းလုပ်သားများအား ကူညီရေး ဆောင်ရွက်ရာတွင် ရန်ကုန်နှင့် နေပြည်တော်တို့၌ ၂၄ နာရီ ဝန်ဆောင်မှုပေးသော တိုင်ကြားမှုလုပ်ငန်းစဉ် ဖော်ဆောင်ခြင်း၊ ရန်ကုန်၊ ဖားကန့်၊ မြဝတီ၊ မော်လမြိုင်၊ မကွေးနှင့် ကျိုင်းတုံမြို့များတွင် IOM၊ ILO တို့၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ရွှေ့ပြောင်းလုပ်သား ရင်းမြစ်စင်တာများ ဖွင့်လှစ်ခြင်းတို့ ပါဝင်သည်။ ထို့ပြင် မြန်မာအလုပ်သမားများအတွက် တရားဝင်အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးရန်နှင့် ရွှေ့ပြောင်းလုပ်သားများ၏အခွင့်အရေးအား အပြည့်အဝ မြှင့်တင်ကာကွယ်ပေးရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရွှေ့ပြောင်းလုပ်သားများ အတွက် ၂၄ နာရီ ခေါ်ဆိုနိုင်သည့် ဖုန်းလိုင်းကို ထားရှိပေးထားသည်။

**(ဖ) တရားဥပဒေစိုးမိုးရေး**

(အကြံပြုချက်အမှတ် ၁၀၄-၉၊ ၁၀၄-၃၀၊ ၁၀၄-၃၁၊ ၁၄၀-၃၈၊ ၁၀၄-၅၈၊ ၁၀၇-၃၁၊ ၁၀၇-၃၇၊ ၁၀၇-၃၈၊ ၁၀၇-၇၀)

၁၁၂။ UNDP နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံစီမံကိန်း လုပ်ငန်းဆောင်ရွက်မှု စီမံချက် (Country Programme of Action Plan) ကို ရေးဆွဲလျက်ရှိနေသည်။ ဒီမိုကရေစီအုပ်ချုပ်ရေး ခေါင်းစဉ်အောက်တွင် တရားဥပဒေ စိုးမိုးရေးနှင့် တရားမျှတမှု ရရှိခံစားနိုင်ရေး အစီအစဉ်များကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ ပြည်ထောင်စုတရားရုံးချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကလည်း အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ Stakeholder များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေသည်။ တရားဥပဒေစိုးမိုးရေး နိုင်ငံလုံးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ဥရောပသမဂ္ဂ (EU) ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပနိုင်ခဲ့သည်။ ယခုလက်ရှိတွင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပညာပေးမှုနှင့်ပတ်သက်သည့် နားလည်သဘောပေါက်မှုမြှင့်တင်ရေး သင်တန်းများ၊ ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၁၁၃။ ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အခြား မြန်မာကိုယ်စားလှယ်အဖွဲ့တို့မှာ နိုင်ငံသားအခွင့်အရေး မြှင့်တင်ကာကွယ်ပေးမှုနှင့် ဥပဒေရေးရာ အကူအညီပေးရေးတို့အတွက် တောင်အာဖရိကနိုင်ငံသို့ သွားရောက်လေ့လာခဲ့သည်။ ဥပဒေရေးရာ အကူအညီနှင့်ပတ်သက်သည့် နားလည်သဘောပေါက်မှုကို မြှင့်တင်ရန်အတွက် ပြည်ထောင်စုတရားရုံးချုပ်နှင့် UNODC တို့ ပူးပေါင်းဆောင်ရွက်ကာ ဥပဒေရေးရာ အကူအညီရယူရေး နိုင်ငံလုံးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းခဲ့သည်။ နိုင်ငံအတွင်းမှ ဥပဒေပညာရှင်များ၊ UNODC/UNDP နှင့် နိုင်ငံတကာမှ ဥပဒေရေးရာ အကူအညီပေးရေး ကျွမ်းကျင်ပညာရှင်များ၊ တောင်အာဖရိကမှ ဥပဒေရေးရာအကူအညီပေးရေး ပညာရှင်များနှင့်

ပြည်ထောင်စုလွှတ်တော်အမတ်များမှာ အဆိုပါ နိုင်ငံလုံးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များအရ ဥပဒေရေးရာ အကူအညီပေးရေးမူကြမ်းကို ရေးဆွဲနေပြီဖြစ်သည်။

၁၁၄။ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး၊ စစ်မှုထမ်းများနှင့် ဥပဒေစိုးမိုးရေး အရာရှိများ၏ နားလည်သဘောပေါက်မှုနှင့် တာဝန်ဝတ္တရားများကို မြှင့်တင်ပေးရေး၊ ပြည်တွင်းဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ တိုးတက်ရေးတို့နှင့် ပတ်သက်၍ နိုင်ငံတော်နှင့် အခြားအဆင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ စုစုပေါင်း ၅၂ ခုကိုလည်း ၂၀၁၁ ခုနှစ်မှစ၍ ဥပဒေစိုးမိုးရေး အေဂျင်စီများအတွက် ကျင်းပပေးခဲ့သည်။

၁၁၅။ ၂၀၀၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မြို့နယ်နှင့် ခရိုင်အဆင့် တရားသူကြီး ၅၄၉ ဦးအတွက် လေ့ကျင့်သင်ကြားပေးမှုပြုလုပ်ရန် IOM၊ UNICEF နှင့် UNDP တို့မှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်ခဲ့သည်။

၁၁၆။ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်ကို နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လုံလောက်သည့် ပြင်ဆင်ဖွဲ့စည်းမှုနှင့် တိုးချဲ့မှုများ ပြုလုပ်ခဲ့သည်။

၁၁၇။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ၎င်းတို့၏လုပ်ငန်းများတွင် လူ့အခွင့်အရေးနှင့် ပြည်သူ့ဗဟိုပြု ချဉ်းကပ်မှုလမ်းစဉ်တို့ကို ထည့်သွင်းပေါင်းစပ်ရန်အတွက် ကြိုးပမ်းအားထုတ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိနေသည်။ လူစုလူဝေး စီမံခန့်ခွဲမှု၊ ဖမ်းဆီးထိန်းသိမ်းမှု၊ ရှာဖွေမှုနှင့် ရဲတပ်ဖွဲ့ လက်စွဲများနှင့် သင်ရိုးများ တိုးတက်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုကိုလည်း ဆောင်ရွက်ခဲ့ သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းကို ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ်သို့ ပြောင်းလဲနေပြီဖြစ်သည်။

၁၁၈။ ဥရောပသမဂ္ဂ (EU) ကူညီမှုနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လူစုလူဝေး စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခဲ့သည်။ OHCHR မှာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိသူများ မှာ လူ့အခွင့်အရေးဆိုင်ရာ ၎င်းတို့၏ကျွမ်းကျင်မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား မျှဝေပေးလျက်ရှိနေသည်။

၁၁၉။ ညှင်းပမ်းနှိပ်စက်မှုမှာ ဆိုးရွားသည့် ရာဇဝတ်မှုဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ တားမြစ် ပိတ်ပင်ထားသည်။ ၁၉၈၄ ခု မြန်မာနိုင်ငံ အကျဉ်းထောင်လက်စွဲစာအုပ် အပိုဒ် ၁၁၃ နှင့် ၁၁၄ တွင် တစ်ဦးတစ်ယောက်ကို ကာကွယ်ရန် သို့မဟုတ် မတည်ငြိမ်မှုကို တားဆီးရန်မှလွဲ၍ အင်အား အလွန်အကျွံသုံးစွဲမှုကို တားမြစ်ထားသည်။ အကယ်၍ ကျူးလွန်ပါက ထိုကျူးလွန်သူမှာ အပြစ်ပေး ခံရမည်ဖြစ်သည်။

၁၂၀။ မှတ်ပုံတင်ခြင်း၊ အသိအမှတ်ပြုခြင်း၊ အဆောက်အဦး၊ တစ်ကိုယ်ရည်သန့်ရှင်းရေး၊ အဝတ်အစားများနှင့် အိပ်ယာ၊ အစားအသောက်၊ ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်း၊ ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှု၊ စည်းကမ်းလိုက်နာမှုနှင့် အပြစ်ပေးမှု၊ အပြင်နှင့် ထိတွေ့ဆက်ဆံမှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ အကျဉ်းသားများ ထိန်းသိမ်းရေး၊ သေဆုံးမှု၊ အကျဉ်းသားများရွှေ့ပြောင်းမှု စသည်တို့နှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းချက်များကို ကုလ၏ အနိမ့်ဆုံးစံသတ်မှတ်ချက် စည်းမျဉ်းများ (Standard Minimum Rules) နှင့်အညီ ပြဋ္ဌာန်းကာ၊ ထောက်ပံ့ပေးထားသည်။

## (ည) ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများအား လွပ်လပ်ပြီး၊ တရားမျှတကာ၊ ပွင့်လင်းမြင်သာသည့်ပုံစံဖြင့် ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများ

(အကြံပြုချက်မှတ် ၁၀၅-၁၊ ၁၀၇-၆၁၊ ၁၀၇-၆၃၊ ၁၀၇-၅၄)

၁၂၁။ မြန်မာနိုင်ငံ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှာ လွတ်လပ်သော အဖွဲ့အစည်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဥပဒေတို့အရ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲများ ကျင်းပရန် တာဝန်ယူထားသည်။ UEC ၏ အဓိက လုပ်ငန်းများမှာ ရွေးကောက်ပွဲ ကျင်းပရန်၊ ရွေးကောက်ပွဲခုံရုံး၏ ဆုံးဖြတ်ချက်များ၊ အမိန့်များအပေါ် သုံးသပ်ရပ်နှင့် အယူခံဝင်ရန်ဖြစ်သည်။

၁၂၂။ အဆိုပါကော်မရှင်ကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်း တိုင်းရင်းသားများမှ ကိုယ်စားလှယ်များအပါအဝင် အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်နှင့် ကျေးရွာအုပ်စု အဆင့်များတွင်လည်း ကော်မရှင်ခွဲများ ရှိနေသည်။

၁၂၃။ ပြည်တွင်းမှကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ စောင့်ကြည့်သူများ၏ အကြံဉာဏ် ပေးမှုများကို ပိုမိုအောင်မြင်အောင် အသုံးချရန်နှင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်မှု၊ နိုင်ငံတကာ စံနှုန်းများ၊ အကောင်းဆုံးလက်တွေ့လုပ်ဆောင်မှုများနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပမှုတို့ကို လေ့လာသင်ယူရန်အတွက် ကော်မရှင်မှာ အမေရိကန်ပြည်ထောင်စု၊ ဩစတေးလျ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ကိုရီးယား၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများသို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခဲ့သည်။

၁၂၄။ နိုင်ငံတကာမိတ်ဖက်များ၊ မီဒီယာ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ကော်မရှင်မှာ မဲဆန္ဒရှင်များအား အသိပညာပေးခြင်း၊ ခေတ်ပေါ် နည်းပညာနှင့် မဲဆန္ဒရှင်စာရင်းကို ဖြည့်စွက်ခြင်း၊ ရွေးကောက်ပွဲဥပဒေနှင့် စည်းမျဉ်း စည်းကမ်း

များကို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း၊ UEC နှင့် ကော်မရှင်ခွဲများကို စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်းဆိုင်ရာ မဟာဗျူဟာ စီမံကိန်းတစ်ခုကို ဖော်ဆောင်လျက်ရှိနေသည်။

၁၂၅။ ယခင်အတွေ့အကြုံမှ ရရှိခဲ့သည့် သင်ခန်းစာများအရ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် နီးကပ်စွာ အကြံဉာဏ်ရယူမှုနှင့်အတူ ကော်မရှင်မှာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် နိုင်ငံရေးပါတီများအတွက် ကျင့်ဝတ်ကျင့်ထုံးကိုလည်း သတ်မှတ်ပေးခဲ့သည်။

## (ဍ) နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ ICRC နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

(အကြံပြုချက်အမှတ် ၁၀၆-၃၉၊ ၁၀၇-၁၃၊ ၁၀၇-၁၄၊ ၁၀၇-၁၆၊ ၁၀၇-၃၄၊ ၁၀၇-၃၅)

၁၂၆။ ICRC ၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အကျဉ်းထောင် ၃ ခု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အကျဉ်းထောင် ၄ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အကျဉ်းထောင်နှင့် ကယ်ဆယ်ရေးစခန်း ၁၅ ခုတို့၏ ရေနှင့် မိလ္လာစနစ်များကို အဆင့်မြှင့်တင်ခဲ့သည်။

၁၂၇။ ICRC မှာ ၂၀၁၃ ခုနှစ်တွင် အကျဉ်းထောင် ၁၅ ခုနှင့် ကယ်ဆယ်ရေးစခန်း ၁ ခုသို့ ၁၉ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် အကျဉ်းထောင် ၁၆ ခုနှင့် ကယ်ဆယ်ရေးစခန်း ၈ ခုသို့ ၂၉ ကြိမ်၊ ၂၀၁၅ ခုနှစ် မေလအထိ အကျဉ်းထောင် ၇ ခုနှင့် ကယ်ဆယ်ရေးစခန်း ၁၀ ခုသို့ ၁၉ ကြိမ် အသီးသီး လာရောက်လည်ပတ်ခဲ့ကာ၊ ၎င်းတို့၏ ရွေးချယ်မှုအတိုင်း ဖမ်းဆီးခံထားရသူများကို တွေ့ဆုံခွင့်ရခဲ့သည်။

၁၂၈။ ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ဥပဒေချုပ် (JAG) ရုံးနှင့် ICRC တို့မှာ ၂၀၁၄ ခုနှစ် ဖွန်လတွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ပူးတွဲကျင်းပခဲ့ပြီး၊ စစ်တပ်မှ အကြီးတန်းအရာရှိများ တက်ရောက်ပါဝင်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်ကို ရုံးသုံးရန်အတွက် မြန်မာဘာသာစကားသို့ ပြန်ဆိုခြင်းကိုလည်း JAG မှာ ICRC နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေသည်။

၁၂၉။ ရဲတပ်ဖွဲ့လုပ်ငန်းစဉ်၊ ရဲအင်အားအသုံးချမှုနှင့် ရဲတပ်ဖွဲ့ဝင်များအတွက် ကျင့်ဝတ်ကျင့်ထုံးစသည်တို့တွင် နိုင်ငံတကာစံနှုန်းများကို လေ့လာသင်ယူရန်နှင့် အမြင်ချင်းဖလှယ်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ICRC တို့က ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် ၂ ခုတွင် အလုပ်ရုံဆွေးနွေးပွဲ ၁၁ ခုကို စီစဉ်ကျင်းပခဲ့သည်။

၁၃၀။ မြန်မာနိုင်ငံနှင့် ICRC တို့မှာ နှစ်ပေါင်းများစွာကြာ prosthetics and orthotics စီမံကိန်းများကို ကရင်ပြည်နယ်အပါဝင် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိနေသည်။ ထို့ပြင် ရွေ့လျား prosthetics and orthotics အဖွဲ့များမှာလည်း ကျေးရွာများအထိပင် ရောက်ရှိနေပြီဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ရုံးချုပ်ဖွင့်လှစ်ရေး သဘော တူညီချက်အတွက် အဆိုပြုမှုကိုလည်း စဉ်းစားနေလျက် ရှိနေသည်။

## (၄) ဘာသာတရားများအကြား သဟဇာတဖြစ်မှု၊ ငြိမ်းချမ်းရေးနှင့် တွေ့ဆုံဆွေးနွေးရေးတို့အတွက် ကြိုးပမ်းမှုများ

(အကြံပြုချက်အမှတ် ၁၀၄-၄၀)

၁၃၁။ မတူညီသော ဘာသာတရားများအကြားတွင် ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှု၊ တွေ့ဆုံဆွေးနွေးမှုများ တိုးမြှင့်ရန်အတွက် ဘာသာပေါင်းဆုံ မိတ်ဖက်အဖွဲ့ (Interfaith Friendship Group) အဖွဲ့အား ဘာသာတရားပေါင်းစုံကို ကိုယ်စားပြုသည့် အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ အထိုအဖွဲ့ကို ကျေးရွာအဆင့်အထိ ချဲ့ထွင်ခဲ့သည်။ အဆိုပါ အဖွဲ့မှာ ဘာသာရေးအခမ်းအနားများ၊ ဂျပန်ဆူနာမီ၊ အင်ဒိုနီးရှားငလျင်နှင့် သဘောဝဘေးအန္တရာယ် များတွင် ထိခိုက်ခံစားခဲ့ရသူများ အပါအဝင် အမျိုးမျိုးသော အဖြစ်အပျက်များအတွက် ဆုတောင်း ပွဲများ၊ အကြမ်းဖက်ဆန့်ကျင်ရေးနှင့် ဘာသာရေးသဟဇာတဖြစ်မှုဆိုင်ရာ ဆွေးနွေးပွဲ များ စသဖြင့် လှုပ်ရှားမှုပေါင်းစုံကို ဆောင်ရွက်ခဲ့သည်။

၁၃၂။ အဆိုပါအဖွဲ့မှာ ကုလသမဂ္ဂ၏ အထူးအကြံပေး မစ္စတာ ဗီဂျေး နမ်ဘီယာ (Mr. Vijay Nambiar) နှင့် မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စစ် ယန်ဟီးလီ (Ms. Yanghee Lee) တို့နှင့်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်။

## (၃) ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ဆက်သွားနေမှု

(အကြံပြုချက်အမှတ် ၁၀၄-၄၉၊ ၁၀၄-၅၀၊ ၁၀၄-၅၄)

၁၃၃။ လူမျိုးစုအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်၊ ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးမှုနိမ့်ကျ နေခြင်း၏ အခြေခံအကြောင်းတရားကို ဖြေရှင်းရန် ဒုတိယသမ္မတဦးဆောင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို လုပ်ငန်း ကော်မတီ ၆ ခုနှင့်အတူ ၂၀၁၃ ခုနှစ်မတ်လတွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါ လုပ်ငန်းကော်မတီ များမှာ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဥပဒေကျင့်သုံးမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစီစစ်ရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ယာယီနေချထားပေးရေးနှင့် ပြန်လည်

တည်ဆောက်ရေး၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ INGO များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မဟာဗျူဟာ စီမံကိန်း စသည့် ၎င်းတို့လွှဲအပ်ခံထားရသည့် တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နေကြသည်။

၁၃၄။ နိုင်ငံသားသတ်မှတ်မှုမှာ ရခိုင်ပြည်နယ်အခြေအနေ၏ အဓိကကိစ္စရပ်များထဲမှ တစ်ခု ဖြစ်ခြင်းကြောင့် ရှေ့ပြေး နိုင်ငံသားစီစစ်မှု စီမံကိန်းကို ၂၀၁၄ ခုနှစ်ဇွန်လတွင် မြေပုံမြို့၌ စတင်ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်း၏ ရလဒ်အဖြစ် နိုင်ငံသား ၉၇ ဦးနှင့် ပြုနိုင်ငံသား ၄၆၃ ဦးအတွက် အသိအမှတ်ပြုကဒ်ပြားများကို အိမ်ထောင်ဦးစီးများထံ ပေးအပ်နိုင်ခဲ့သည်။ ကလေးငယ်များအပါအဝင် လျှောက်ထားပိုင်ခွင့်ရှိသော အိမ်ထောင်စုဝင်များကို ထည့်သွင်းပါက ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဖြင့် ဆောင်ရွက်သည့် အဆိုပါစီမံကိန်းမှာ ပြည်သူ ၁၉၃၃ ဦးကို အကျိုးဖြစ်ထွန်းစေခဲ့သည်။

၁၃၅။ ရှေ့ပြေးစီမံကိန်း ပြီးစီးမှုအပေါ်မူတည်၍ ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် ထိုကဲ့သို့သော နိုင်ငံသားစီစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၁၃၆။ White Card ဟု ကျယ်ကျယ်ပြန့်ပြန့်သိကြသည့် ယာယီသက်သေခံကဒ်ပြားများကို ဘင်္ဂါလီ၊ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါ၊ ကိုးကန့်၊ မွန်ဝွန်း (Mon Wun)၊ ခိုလုံး လီဆော (Kho Lone Li Saw)၊ တရုတ်နှင့် ဝအထူးဒေသ ၂ နှင့် ၄ တို့ရှိ လူမျိုးစုများအား ထုတ်ပေးခဲ့သည်။ ယာယီသက်သေခံ ကဒ်ပြား ကိုင်ဆောင်ထားသူများအတွက် နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့ကို ယာယီသက်သေခံကဒ် သက်တမ်းကုန်သည့်နေ့အဖြစ် ကြေငြာခဲ့ သည်။ နောက်ဆုံးပြန်အပ်ရမည့်နေ့တွင် ကဒ်ပြားပေါင်း ၃၉၇,၄၉၇ ခုကို ရရှိခဲ့သည်။ ကဒ်ပြား အများအပြားမှာ ပျောက်ဆုံးခြင်း၊ သို့မဟုတ် ပျက်ဆီးခြင်း သို့မဟုတ် ကဒ်ပြား ကိုင်ဆောင်သူအချို့မှာ သေဆုံးသွားခြင်း သို့မဟုတ် ထိုဒေသအတွင်း နေထိုင်မှု မရှိတော့ခြင်းတို့ ဖြစ်မည်ဟု ယုံကြည်ရသည်။

၁၃၇။ ယာယီသက်သေခံကဒ်ပြား ပြန်လည်အပ်နှံသူများကို လက်ခံဖြတ်ပိုင်းပေးထားပြီး နောက်ပိုင်းတွင် နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်အတွက် လျှောက်ထားနိုင်ခွင့်ရှိသူအဖြစ် ဖော်ပြထား သော အထောက်အထားလက်မှတ်များကို ထုတ်ပေးခဲ့သည်။ ထိုလုပ်ငန်းစဉ်မှာ ၂၀၁၅ ခုနှစ် ဇွန်လအစောပိုင်းကတည်းက ပြီးစီးခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသားဖြစ်လိုသော ဆန္ဒရှိသူများမှာ မြန်မာနိုင်ငံသားဖြစ်မှုအတွက် လျှောက်ထားနိုင်ခွင့်ရှိသည်။

## (i) ပဲရစ်စည်းမျဉ်းစည်းကမ်းအရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းခြင်း

(အကြံပြုချက်အမှတ် ၁၀၆-၂၃၊ ၁၀၆-၂၄၊ ၁၀၆-၂၅၊ ၁၀၆-၂၆၊ ၁၀၆-၂၇၊ ၁၀၆-၂၈)

၁၃၈။ ပြည်ထောင်စုလွှတ်တော်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ကော်မရှင်ကိုလည်း ပဲရစ်စည်းမျဉ်းစည်းကမ်းနှင့် အညီ ပြန်လည်ဖွဲ့စည်းခဲ့သည်။ (အပိုဒ် ၂၅ တွင်ကြည့်ပါ)

### (ဏ) အကျဉ်းသား စီစစ်ရွေးချယ်ရေး ကော်မတီ

(အကြံပြုချက်အမှတ် ၁၀၇-၄၁၊ ၁၀၇-၄၇၊ ၁၀၇-၄၈၊ ၁၀၇-၄၉၊ ၁၀၇-၅၀၊ ၁၀၇-၅၁၊ ၁၉၇-၅၂၊ ၁၀၇-၅၃၊ ၁၀၇-၅၄၊ ၁၀၇-၅၅၊ ၁၀၇-၅၆၊ ၁၉၇-၅၇၊ ၁၀၇-၅၈၊ ၁၀၇-၅၉၊ ၁၀၇-၆၀)

၁၃၉။ ယခုနှစ်များအတွင်း သမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့် ၅ ကြိမ် ပေးအပ်ခဲ့ပြီးဖြစ်သည်။ ရလဒ်အဖြစ် အကျဉ်းသား ၃၉၉၂၂ ဦး လွတ်မြောက်ခဲ့သည်။ ထို့ပြင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁) အရ အကျဉ်းသား ၆၆၄၉ ဦးကိုလည်း လွှတ်ပေးခဲ့သည်။

၁၄၀။ ၂၀၁၃ ခုနှစ် မေလ ၈ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ စီစစ်ရွေးချယ်ရေး ကော်မတီ သမ္မတရုံးမှ ပြည်ထောင်စုဝန်ကြီးတစ်ဦး ဦးဆောင်၍ အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ပိုမို ကောင်းမွန်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ထိုကော်မတီကို နှစ်ကြိမ်တိုင်တိုင် ပြန်လည် ဖွဲ့စည်းခဲ့သည်။

၁၄၁။ ပလပ်မှုနှင့် သက်ညှာမှု (pardon and leniency) ပေးအပ်မှုအတွင်း အကျဉ်းသား ၅၀၂၀ အား အမျိုးမျိုးသော ထောင်ဒဏ်ကာလများကို လျော့ချပေးခဲ့သည်။

၁၄၂။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာတွင် ကော်မတီ၏ အကြံပြုချက် ၈ ကြိမ်အတွင်း အမျိုးသား ၃၄၁ ဦးနှင့် အမျိုးသမီး ၁၃ ဦးအပါဝင် အကျဉ်းသား ၃၅၄ ဦးကို လွှတ်ပေးခဲ့သည်။

၁၄၃။ လွတ်ငြိမ်းချမ်းသာခွင့် ၅ ခုတွင် စီစစ်ရွေးချယ်ရေးကော်မတီ၏ အကြံပြုချက်များဖြင့် အကျဉ်းသား ၆၀ နှင့် ထိန်းသိမ်းထားသူ ၁၂ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ပြစ်မှုဆိုင်ရာဥပဒေမှ မတရားအသင်း အက်ဥပဒေ၊ အရေးပေါ်စီမံမှု အက်ဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးမှုနှင့် စီတန်းလှည့်လည်မှုနှင့် သက်ဆိုင်သည့် ဥပဒေများဖြင့် ထိုအကျဉ်းသားများပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်များကိုလည်း ပယ်ဖျက်ပေးခဲ့သည်။ အခြားသော ရာဇဝတ်မှုများအတွက် စွဲချက်တင်ခံထားရသည့် အကျဉ်းသား အနည်းငယ်သာ ရှိတော့သည်။

## ၅။ လူ့အခွင့်အရေးနယ်ပယ်တွင် အခြားသော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆောင်ရွက်ချက်များ

### (က) ဘာသာရေးလွတ်လပ်ခွင့်

၁၄၄။ မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်း၏ လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ ဘာသာတရားအား လိုက်နာကျင့်သုံးခွင့်ကို အခြေခံ ဥပဒေတွင် အာမခံပေးထားသည်။ ထို့ပြင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုကဲ့သို့ ဘာသာတရားများ လွတ်လပ်စွာ လိုက်နာကျင့်သုံးခွင့်ကိုလည်း အာမခံပေးထားသည်။ နိုင်ငံတော်မှာ တန်းတူညီမျှအခွင့်အရေးကို ဥပဒေရှုထောင့်အရသာ မကဘဲ ရိုးရာဓလေ့ ကျင့်သုံးမှုအရပါ အာမခံပေးထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၆၂ တွင် "နိုင်ငံတော်သည် ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာ သာသနာ နှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော် တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်" ဟု ရှင်းလင်းစွာ ဖော်ပြထား သည်။

၁၄၅။ ဘာသာရေးအဆောက်အဦးနှင့် လူဦးရေကို အချိုးချကြည့်ပါက လူဦးရေ ၇၃၆.၈၀ အတွက် ဘုန်းကြီးကျောင်း သို့မဟုတ် သီလရှင်ကျောင်းတစ်ကျောင်း၊ လူဦးရေ ၄၄၄.၆၄ ဦးအတွက် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတစ်ခု၊ လူဦးရေ ၆၇၆.၈၀ အတွက် အစ္စလာမ်ဗလီကျောင်းတစ်ခု၊ လူဦးရေ ၄၅၆.၇၁ အတွက် ဟိန္ဒူဘုရားကျောင်းတစ်ခု၊ လူဦးရေ ၇၀၇.၇ ဦးအတွက် နတ်ကိုးကွယ်မှုအဆောက်အဦးနှင့် အခြားအဆောက်ဦးတစ်ခု စသဖြင့် ရှိကြသည်။ အဆိုပါ ကိန်းဂဏန်းများအရ ဘာသာရေး အဆောက်အဦးနှင့် လူဦးရေ အရေအတွက်မှာ မျှတသည်ကို တွေ့ရှိရသည်။

၁၄၆။ ကိုးကွယ်ရာဘာသာကူးပြောင်းမှုဆိုင်ရာ ဥပဒေမူကြမ်း၊ မြန်မာဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးလက်ထပ်ထိမ်းမြားမှု ဥပဒေမူကြမ်း၊ တစ်လင်တစ်မယားဥပဒေမူကြမ်း၊ ကျန်းမာရေး စောင့်ရှောက်မှု နှင့် လူဦးတိုးပွားမှုနှုန်း ထိန်းညှိရေးဆိုင်ရာ ဥပဒေမူကြမ်း ၃ ခုနှင့် ဥပဒေတစ်ခုကို နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ရေးဆွဲခဲ့သည်။ မူကြမ်း ၃ ခုကို ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးနေဆဲဖြစ်ပြီး ဥပဒေတစ်ခုကိုမူ ပြဌာန်းခဲ့ပြီးဖြစ်သည်။

၁၄၇။ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဦးရေးတိုးပွားထိန်းညှိရေးဆိုင်ရာဥပဒေ ပြဌာန်းခြင်း၏ ရည်ရွယ်ချက်မှာ ဆင်းရဲမွဲတေမှုလျှော့ချရန်၊ လူနေမှုအဆင့်အတန်း တိုးတက်စေရန်နှင့် အရည်အသွေး ပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်၊ ကိုယ်ဝန်ဆောင်နှင့် ကလေးသူငယ် ကျန်းမာရေး တိုးတက်စေရန်ဖြစ်သည်။ ကိုးကွယ်ရာဘာသာ ကူးပြောင်းမှုဆိုင်ရာ ဥပဒေမူကြမ်း၏ ရည်ရွယ်ချက်မှာ လွတ်လပ်စွာယုံကြည်ကိုးကွယ်မှုကို မြှင့်တင်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတကာစံနှုန်းများ

နှင့်အညီ မည်သည့်ဘာသာကူးပြောင်းမှုကိုမဆို စနစ်တကျနှင့် ပွင့်လင်းမြင်သာရှိစေရန်ဖြစ်သည်။ ဘာသာကူးပြောင်းမှု အတွက် မှတ်ပုံတင်ခြင်းမှာ မိမိ၏ စိတ်ဆန္ဒအတိုင်းသာဖြစ်ပြီး၊ မှတ်ပုံမတင်လိုသူများ အတွက်လည်း အပြစ်ပေးရန် မပါဝင်ပေ။

၁၄၈။ မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ အထူးလက်ထပ်ထိမ်းမြားမှုဥပဒေ မူကြမ်းကို မြန်မာ ဗုဒ္ဓဘာသာဝင်အမျိုးသမီးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူ အမျိုးသားတို့အကြား အိမ်ထောင်မှု၊ ကွာရှင်းမှု၊ ပစ္စည်းဥစ္စာခွဲဝေမှု၊ သားသမီးအုပ်ထိန်းခွင့်တို့နှင့် ပတ်သက်၍ ထိန်းသိမ်းကာကွယ်ရန်၊ တူညီသော အခွင့်အရေး ရရှိရန် ရေးဆွဲခဲ့ခြင်းဖြစ်သည်။ တစ်လင်တစ်မယားဥပဒေမူကြမ်းမှာ တစ်လင် တစ်မယား မဟုတ်သည့် လက်ထပ်ထိမ်းမြားမှု၏ နောက်ဆက်တွဲဖြစ်သည့် လူမှုရေးပြဿနာများကို တားဆီး ဟန့်တားရန်ဖြစ်သည်။

၁၄၉။ ပြည်ထောင်စုလွှတ်တော်မှာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဦးရေတိုးပွားမှု ထိန်းညှိရေးဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ကျန်ရှိနေသည့် မူကြမ်းများကို လွှတ်တော်များတွင် ပြည်သူ့ကိုယ်စားလှယ်များက စေ့စပ်သေချာစွာ သုံးသပ် လျက်ရှိနေသည်။

## (ခ) တိုင်ကြားမှုလုပ်ငန်းစဉ်များ

၁၅၀။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ လူ့အခွင့်အရေးချိုးဖောက်မှု တိုင်ကြားချက်များ၊ စွပ်စွဲချက်များနှင့်ပတ်သက်၍ ဟုတ်မှန်မှု ရှိ၊ မရှိ ဖော်ထုတ်ရန်နှင့် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန်အတွက် အာဏာအပ်နှင်းခြင်း ခံထားရသည်။

၁၅၁။ အဓမ္မလုပ်အားခိုင်းစေမှုနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့ (ILO) တို့ ပူးတွဲဖော်ဆောင်ထားသည့် တိုင်ကြားမှုလုပ်ငန်းစဉ်တွင် လာရောက် တိုင်ကြားနိုင်သည်။

၁၅၂။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပုံစံအားလုံးအတွက် စာရေးသားတိုင်ကြားမှုများကို လက်ခံ ရရှိထားသည်။ အဖွဲ့၏ အကြံပေးစင်တာများတွင် မည်သူမဆို လူကိုယ်တိုင်လာရောက်၍ တိုင်ကြားမှု ပြုလုပ်နိုင်သည်။

၁၅၃။ ကလေးသူငယ်အခွင့်အရေး ချိုးဖောက်သည်ဟု စွပ်စွဲခံရမှုနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်ကို မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီသို့ သတင်းပေးပို့နိုင်သည်။

၁၅၄။ အသက်မပြည့်သေးသူ ကလေးများအား တပ်သားသစ်စုဆောင်းမှုဆိုင်ရာ တိုင်ကြားမှုများကို အပိုဒ် ၁၅၀ တွင် ဖော်ပြထားသည့် တိုင်ကြားမှုလုပ်ငန်းစဉ်နှင့် ကုလသမဂ္ဂ၏ ကလေးများအပေါ် ဆိုးရွားစွာချိုးဖောက်မှု စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေး နိုင်ငံအလိုက် အထူး တာဝန်အဖွဲ့သို့ တိုင်ကြားနိုင်သည်။

၁၅၅။ မြေယာအငြင်းပွားမှုအတွက် တိုင်ကြားမှုများကို အစိုးရအဆင့်အသီးသီးရှိ မြေယာအသုံး ချရေး စီမံခန့်ခွဲမှုကော်မတီများသို့ ပေးပို့နိုင်သည်။

၁၅၆။ ခြစားမှုနှင့်ပတ်သက်၍၊ ခြစားသည်ဟု စွပ်စွဲခံရသော ကိစ္စများ၏ သတင်းအချက်အလက်ကို မြန်မာနိုင်ငံ ခြစားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားနိုင်သည်။

၁၅၇။ ထို့ပြင် အာဏာအလွဲသုံးစားလုပ်သည်ဆိုသော စွပ်စွဲချက်များ၊ ရဲတပ်ဖွဲ့ဝင်က ခြစားသည်ဆိုသော စွပ်စွဲချက်များကို ၂၄ နာရီခေါ်ဆို၍ရသည့် ဖုန်းလိုင်းဖြင့် မြန်မာနိုင်ငံ ရဲတပ် ဖွဲ့သို့ သတင်းပို့ တိုင်ကြားနိုင်သည်။

၁၅၈။ ထို့ပြင် မိမိတို့၏အခွင့်အရေး ချိုးဖောက်ခံနေရသည်ဟု ယုံကြည်သော မည်သည့် နိုင်ငံသားမဆို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လွှတ်တော်များရှိ ကော်မတီများသို့ တိုင်ကြား နိုင်သည်။

**(ဂ) အထွေထွေ မြေယာအသုံးချရေးစီမံခန့်ခွဲမှု ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လှုပ်ရှားမှုများ**

၁၅၉။ မြေယာသိမ်းဆည်းမှုနှင့်ဆက်နွယ်သည့် ပြဿနာများကို ဖြေရှင်းရန်နှင့် ပြည်သူ့ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ဒုတိယသမ္မတတစ်ဦး ဦးဆောင်သည့် မြေယာ အသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့သည်။ မြေယာပြဿနာများနှင့် ပတ်သက်၍ လက်ဆုပ်လက်ကိုင် ပြနိုင်သည့် ရလဒ်များ ထွက်ပေါ်လာရန်အတွက် ဗဟို (နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စုများတွင် မြေယာ အသုံးချမှုစီမံခန့်ခွဲရေး ကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ထို့ပြင် ကော်မတီခွဲက ပြည်ထောင်စု လွှတ်တော်၏ "လယ်ယာမြေနှင့် အခြားမြေယာများ သိမ်းဆည်းမှုရလဒ်ကြောင့် ပြည်သူ့ အကျိုးစီးပွား ထိခိုက်မှု တားဆီးဟန့်တားရေးအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်" ၏ အစီရင်ခံစာနှင့်ပတ်သက်၍ နောက်ဆက်တွဲ ဆောက်ရွက်မှုများကို ပြုလုပ်နေသည်။

## ၁။ သိမ်းဆည်းမြေယာများ စွန့်လွှတ်ခြင်းနှင့် ရပိုင်ခွင့်ရှိသူများကို လွှဲပြောင်းပေးအပ်ခြင်း

၁၆၀။ ပြည်ထောင်စုလွှတ်တော်မှပေးပို့သော အစီရင်ခံစာတွင် ဖော်ပြထားသည့် မြေယာပြဿနာများကို မြေယာအသုံးချမှု စီမံခန့်ခွဲရေးကော်မတီခွဲမှ သေချာစွာ ကြည့်ရှု စစ်ဆေးခဲ့သည်။ နိုင်ငံလုံးဆိုင်ရာစီမံကိန်းများ ပြီးဆုံးသွားသည့်အခါ ပိုလျှံနေသော၊ အသုံးမပြုသော မြေယာများကို ရပိုင်ခွင့်ရှိသူများအား ပြန်လည်ပေးအပ်သွားရန် ရှိနေသည်။ ၂၀၁၅ ခုနှစ် ဖွန်လ ၁၅ ရက်နေ့အထိ မြေဧက ၁၂၀,၂၈၃ ဧကကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

၁၆၁။ ထို့ပြင် အစိုးရမှာ ပြည်ထောင်စုလွှတ်တော်အစီရင်ခံစာတွင် မပါဝင်သော နောက်ထပ် မြေဧက ၂၄၁,၅၉၆ ဧကနှင့် ပတ်သက်၍ တိုင်ကြားမှုများကို ထပ်မံဖော်ထုတ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဖွန်လ ၁၅ ရက်နေ့အထိ မြေဧက ၃၆၁,၈၇၉ ဧကကို စစ်ဆေးအတည်ပြုနိုင်ခဲ့ပြီး ထိုပမာဏထဲမှ ၃၅၆,၀၀၅ ဧကကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

၁၆၂။ မြေယာသိမ်းဆည်းမှုနှင့်ဆက်နွယ်သည့် ပြဿနာများနှင့်ပတ်သက်၍ လွယ်ကူထိရောက်သော လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်အတွက် မြေယာအသုံးချမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် မတ်လတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည်။

## ၂။ မြေယာအသုံးချမှု စီမံရေးတွင် တိုးတက်မှု

၁၆၃။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် မြေယာအသုံးချမှု ပေါ်လစီကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြေယာအသုံးချမှု စီစစ်ရေးကော်မတီကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောရေးရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်ကာ အဖွဲ့ဝင် ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၁၆၄။ အဆိုပါကော်မတီမှာ သက်ဆိုင်ရာအစိုးရဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ USAID အပါအဝင် ပြည်တွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ အမျိုးသားမြေယာအသုံးချမှုပေါ်လစီ ပေါ်ထွက်လာရေး မူဘောင်နှင့် လုပ်ငန်းဆောင်ရွက်မှုစီမံချက်တို့ကို ဖော်ဆောင်ခဲ့သည်။ ထို့ပြင် ကော်မတီမှာ အမျိုးသား လယ်ယာမြေရင်းမြစ်များဆိုင်ရာဥပဒေ (National Land Resources) ကိုလည်း ရေးဆွဲ နေသည်။

### (ဂ) သေဒဏ်ပေးမှု

၁၆၅။ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံမှာ ရာဇဝတ်မှုဆိုင်ရာ တရားရေးစနစ်ကို လွတ်လပ်စွာကျင့်သုံးသည်။ သို့သော်လည်း သင့်လျော်သည့်အချိန်တိုင်း နိုင်ငံတကာ စံချိန်စံညွှန်း၊ စံနှုန်းများကို အမြဲတမ်း ထည့်သွင်းစဉ်းစားသည်။ မြန်မာနိုင်ငံတွင်

ပြည်တွင်းဥပဒေရေးရာမူဘောင်က ပြည်သူလူထုနှင့် လူ့အဖွဲ့အစည်းအပေါ် ကျူးလွန်သည့် စက်ဆုပ်ဖွယ်ရာ ရာဇဝတ်မှုများအတွက် သေဒဏ်ချမှတ်မှုကို ခွင့်ပြုထားသည်။ ဥပဒေတွင် ရှိနေသော်လည်း ၁၉၈၈ ခုနှစ်ကတည်းက သေဒဏ်ချမှတ်မှု မပြုလုပ်ခဲ့ပေ။

## ၆။ နိုင်ငံလုံးဆိုင်ရာ ဆောင်ရွက်မှုများ၊ အောင်မြင်မှုများ၊ ကျင့်သုံးမှုကောင်းများနှင့် စိန်ခေါ်မှုများ

၁၆၆။ မြန်မာပြည်သူများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုသာ လိုလားကြသည်။ ထို့ပြင် ဒီမိုကရေစီစနစ်ခိုင်မာရေး၊ လူ့အခွင့်အရေးကို ပိုမို ခံစားနိုင်ရေးနှင့် အခြေခံအခွင့်အရေးများ ကျင့်သုံးရာတွင် ရင့်ကျက်ရေးတို့မှာ မြန်မာနိုင်ငံ၏အစီအစဉ်တွင် ထိပ်ဆုံး၌ ရှိသည်။

၁၆၇။ စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံ၏ ကိုယ်ပိုင် ဒီမိုကရေစီ ပြောင်းလဲမှုမှာ မည်သည့် သွေးထွက်သံယိုမှုမှမရှိဘဲ အချိန်နှင့်အမျှ တိုးတက်အောင်မြင်မှု ရရှိခဲ့သည်။ ထိုအောင်မြင်မှုမှာ ပြည်သူများ၏အားပေးမှုနှင့် ပူးပေါင်းပါဝင်မှုမရှိဘဲ မည်သို့မှ မဖြစ်နိုင်ပါ။ နိုင်ငံတကာ အသိုင်း အဝိုင်းကလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အသိအမှတ်ပြုကာ အားပေးကူညီခဲ့ကြသည်။

၁၆၈။ ထို့ပြင် မြန်မာနိုင်ငံတွင် ခိုင်မာသောငြိမ်းချမ်းရေး သေချာစေရန် နိုင်ငံလုံးဆိုင်ရာ အပစ်ရပ်ရေးသဘောတူညီချက် (NCA) ကို မျှားမကြာမီကာလတွင် လက်မှတ်ရေးထိုးရန် မျှော်လင့်ထားသည်။ NCA အား လက်မှတ်ရေးထိုးခြင်းမှာ ငြိမ်းချမ်းသော၊ သဟဇာတဖြစ်သော၊ သာယာဝပြောသော လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာရေးအတွက် အခြေခံအုတ်မြစ်များ ဖြစ်လာမည့် နိုင်ငံရေးဆွေးနွေးပွဲများကို လမ်းဖွင့်ပေးမှုလည်း ဖြစ်မည်ဖြစ်သည်။

၁၆၉။ မြန်မာနိုင်ငံမှ ခေတ်သစ်တစ်ခုကို ဖွင့်လှစ်လိုက်ကတည်းက နိုင်ငံ၏ ဘက်စုံ၊ ကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများမှာ ပြည်သူများ၏ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရာတွင် အကူအညီ ဖြစ်စေခဲ့သည်။ ဓလေ့ထုံးတမ်းအရလည်း ခွဲခြားဆက်ဆံမှု မည်သည့်ပုံစံမျိုးကိုမဆို လက်ခံ၊ ကျင့်သုံးခြင်းမရှိပေ။ လွတ်လပ်စွာဖော်ပြခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်း လှည့်လည်ခွင့်တို့တွင် အရှိန်မြှင့်တင်ခဲ့ခြင်းက ဒေသတွင်းနှင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံကို ခေါင်းမော့၊ ရင်ကော့နိုင်စေခဲ့သည်။ နိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကလည်း နိုင်ငံရပ်ခြား ရင်းနှီးမြှုပ်နှံမှုနှင့် ကမ္ဘာလှည့်ခရီးသွားများကို စီးဝင်လာစေခဲ့ကာ ပြည်သူလူထုအတွက် အလုပ် အကိုင် အခွင့်အလမ်းများ၊ ပိုမိုကောင်းမွန်သော လူနေမှု အဆင့်အတန်းများကို ဖန်တီးပေးနိုင် ခဲ့သည်။

၁၇၀။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တိုးတက်မှုအမြောက်အများ ရှိခဲ့သော်လည်း နိုင်ငံအတွင်းနှင့် နိုင်ငံတကာအခြေအနေများ အလျင်အမြန်ပြောင်းလဲနေမှုကို နိုင်နိုင်နင်းနင်း စီမံခန့်ခွဲနိုင်ရန် လိုအပ်နေသေးသည်။ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများအကြား ညီမျှမှုရှိစေရေး လိုအပ်ချက်၊ ထိပ်တိုက်တွေ့ဆုံမှုကို ရှောင်ရှားကာ ညှိနှိုင်းဆွေးနွေးမှုကို ကျင့်သုံးရေး လိုအပ်ချက်များလည်း ရှိနေသေးသည်။ ဒီမိုကရေစီသက်တမ်း နုနယ်သည့် နိုင်ငံတစ်ခု အဖြစ် မြန်မာနိုင်ငံမှာ ထိုစိန်ခေါ်မှုများအား ကျော်ဖြတ်ရန် နိုင်ငံရေး အရှိန်အဟုန်နှင့် အချိန်တို့ ပိုမိုလိုအပ်သည်။

၁၇၁။ မြို့ပြဒေသများနှင့် ပညာတတ်လူတန်းစားအလွှာမှာ ပြုပြင်ပြောင်းလဲမှု အသီးအပွင့်များကို ရရှိခံစားနေကြချိန်တွင် အောက်ခြေလူတန်းစားအတွက် ဆောင်ရွက်ရန် ပိုမိုလိုအပ်နေသေးသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀% မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်သောကြောင့် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ စိန်ခေါ်မှုများထဲမှ တစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ မြန်မာနိုင်ငံမှာ အောက်ခြေလူတန်းစားအဆင့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရန်၊ ကျွမ်းကျင်လုပ်သားများဖြစ်ရေး တိုက်တွန်းအားပေးရန်၊ ပိုမိုကောင်းမွန်သည့် ပညာရေးစနစ်ဖော်ဆောင်ရန်၊ ဘဝသက်တမ်း တစ်လျှောက်လုံးတွင် လုံလောက်သည့်အဟာရ ရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်သည်။ နိုင်ငံအတွင်း လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်ကို မြန်မာနိုင်ငံက လက်ခံပြီး ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်ပြီးဖြစ်သည်။

## ၇။ နိဂုံးချုပ်

၁၇၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှာ နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးကတည်းက လူ့အခွင့်အရေးနှင့် ပြည်သူလူထု၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိနေကာ ကဏ္ဍအားလုံးတွင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနှင့် ဒီမိုကရေစီအခြေခိုင်ရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားခဲ့သည်။ သိသာထင်ရှားသည့် တိုးတက်မှုကို ဆောင်ရွက်နိုင်ခဲ့သည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ မြန်မာနိုင်ငံမှာ စီးပွားရေး ပုံမှန်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနေသည့်အချိန်တွင် မြန်မာအစိုးရမှာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံ(LDC) အဖြစ် သတ်မှတ်ခံထားရမှုမှ လွတ်မြောက်ရန် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအမံများကို ချမှတ်ကာ၊ အဓိကထား ဆောင်ရွက်လျက်ရှိနေသည်။

၁၇၃။ မြန်မာနိုင်ငံမှာ လူမျိုးစုံ၊ ယဉ်ကျေးမှုစုံ၊ ဘာသာစုံရှိသည့် တိုင်းပြည်ဖြစ်သောကြောင့် မည်သည့်လူမျိုး၊ မျိုးနွယ်အပေါ်မှ ခွဲခြားဆက်ဆံမှုမရှိဘဲ သဟဇာတဖြစ်စွာ နေထိုင်နိုင်ရန်အတွက် အစိုးရမှာ တစ်စိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နေသည်။ မြန်မာနိုင်ငံမှာ ဒေသတွင်းနှင့်

နိုင်ငံတကာ ညီလာခံများ၊ ဖိုရမ်များကို အောင်မြင်စွာ လက်ခံကျင်းပပေးခဲ့ပြီး၊ ထိုအခမ်း အနားများတွင် နိုင်ငံ၏ခေါင်းဆောင်နိုင်မှုကို ပြသခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှာ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို အောင်မြင်စွာ လက်ခံ ကျင်းပနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် BIMSTEC ထိပ်သီးအစည်းအဝေး၊ ၂၄ ကြိမ်နှင့် ၂၅ ကြိမ်မြောက် အာဆီယံထိပ်သီအစည်းအဝေးတို့ကိုလည်း မြန်မာနိုင်ငံတွင် အောင်မြင်စွာ ကျင်းပခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမှာ ၇ ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေး၊ ၆ ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးတို့ကိုလည်း အောင်မြင်စွာ လက်ခံကျင်းပ ပေးခဲ့သည်။ အဆိုပါထိပ်သီးအစည်းအဝေးများမှာ ကမ္ဘာတစ်ဝှမ်းမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအကြီးအကဲများ တက်ရောက်ပါဝင်ခဲ့ကြသည့် အစည်းအဝေးများလည်း ဖြစ်သည်။ အဆိုပါ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအကြီးအကဲများမှာ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး တိုးတက်မှုကိုအသိအမှတ်ပြုသည့်အနေဖြင့်လာရောက်လည်ပတ်ခဲ့ခြင်းလည်းဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်မှာ အခြားနိုင်ငံများသို့ နိုင်ငံတော် ကိုယ်စားပြုနှင့် လုပ်ငန်းဆိုင်ရာ သွားရောက်လည်ပတ်မှုများ ပြုလုပ်ခဲ့ပြီး ထိုနိုင်ငံများနှင့် အပြန် အလှန်ဆက်ဆံရေးကို ပိုမိုတိုးတက်စေခဲ့သည်။ သို့ဖြစ်၍ ယခုကာလမှာ မြန်မာနိုင်ငံ၏ နိုင်ငံခြား ဆက်ဆံရေး ကဏ္ဍတွင် အအောင်မြင်ဆုံးကာလ ဖြစ်ခဲ့သည်။

၁၇၄။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် လက်ဆုပ်လက်ကိုင်ပြနိုင်သော တိုးတက်မှုကောင်းများကို ရရှိခဲ့ပြီး၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ အသိအမှတ်ပြုမှုကိုလည်း ခံခဲ့ရ သည်။ ယခုအချိန်၌ လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ မိတ်ဖက် များအကြား ပူးပေါင်းဆောင်ရွက်ရေးမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ရုပ်လုံးပေါ်လာစေရန် မရှိမဖြစ်ရှိနေရမည့် လိုအပ်ချက်ဖြစ်သည်။ စစ်မှန်သော တွေ့ဆုံဆွေးနွေးမှု၊ အပြုသဘော ဆောင်သည့် ပူးပေါင်းဆောင်ရွက်မှု၊ သာတူညီမျှဖြစ်သည့် ဆက်ဆံမှုတို့ကလည်း အရေးပါသည့် အချက်များဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံတွင်မဆို ရှိနေသည့် လူ့အခွင့်အရေး ပြဿနာ များကို ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် ဘက်လိုက်မှု ကင်းရေးကိုသာ မြန်မာနိုင်ငံက တစ်လျှောက်လုံး လိုက်နာကျင့်သုံးခဲ့သည်။ တစ်ချိန်တည်းမှာပင် စံနှစ်ခု (double standard) ကျင့်သုံးမှုနှင့် နိုင်ငံရေးစွက်ဖက်မှုများအား တင်းတင်း ကျပ်ကျပ် ရှောင်ရှားရန် နိုင်ငံအားလုံးကို တိုက်တွန်းလျက် ရှိနေသည်။ လူ့အခွင့်အရေး မြှင့်တင် ကာကွယ်ပေးမှုတွင် နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှု အတွက် အဆိုပါ စည်းမျဉ်း စည်းကမ်းများမှာ ခိုင်မာသောအခြေခံဖြစ်သည်ဟု မြန်မာနိုင်ငံက ယုံကြည်သည်။ အတိတ်ကို နောက်ချန်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှာ လူ့အခွင့် အရေး မြှင့်တင် ကာကွယ်မှု၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့တွင် လက်ဆုပ်

လက်ကိုင်ပြ၍ရနိုင်သော တိုးတက်မှုကို ပြုလုပ်နိုင်သည်မှာ အထင်အရှားပင်ဖြစ်သည်။ ထို့အချင်းအရာတို့ကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ သီးသန့်ပြုလုပ်သည့် မည်သည့်ဆုံးဖြတ်ချက် မှ မရှိသင့်တော့ပေ။

၁၇၆။ အခြားသော ဒီမိုကရေစထွန်းသစ်စ နိုင်ငံများကဲ့သို မြန်မာနိုင်ငံမှာလည်း ရှောင်လွှဲ၍မရသော စိန်ခေါ်မှုများကို ကိုယ်ပိုင်ရင်းမြစ်နှင့် စွမ်းအားကို အသုံးချ၍ ကျော်လွှားနိုင်ရန် ကြိုးစားလျက်ရှိနေသည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွက် ကြိုးပမ်းအားထုတ်မှုတိုင်းကို မြန်မာနိုင်ငံက ဆောင်ရွက်နေသည့်အချိန်တွင် နိုင်ငံတကာအဝိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သည့် ဆက်ဆံမှုနှင့် ကူညီမှုများ ဆက်လက်ပြုသွားမည်ဟု မျှော်လင့် မိပါသည်။